# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# အဋ္ဌမပုံမှန်အစည်းအဝေး

# ဒုတိယနေ့ မှတ်တမ်း

၂၀၁၈



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှု အခြေ အနေကို မှတ်တမ်းတင်ခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲ တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၃ |
| ၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးနှင့် အဋ္ဌမ ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့ လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်း တင်ခြင်း | ၄ |
| ၆ | ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်း ပြုပြင်ခြင်းများကို နိုင်ငံတော် နှင့် နိုင်ငံသားများ ရေတိုရေရှည် အကျိုး ဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သောမူဝါဒ၊ မဟာဗျူဟာ များချမှတ်၍ စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | လမ်းတံတား အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများတွင် အရေးပါ သည့် Third Party စနစ် အမြန်ဆုံးအကောင်အထည် ဖော်ရန်အတွက် လိုအပ်သော Myanmar National Building Code (MNBC)အား ဘာသာပြန်ပြီး ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အမြန်ဆုံး ဖြန့်ဝေပေးရန်နှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်မှုနှင့် ဆောင်ရွက်ကျင့်သုံးမှုရှိ/မရှိ သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | ကျောက်တန်းမြို့နယ်နှင့် ဒလမြို့နယ် ဆက်သွယ်ထားသော တံတား တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၉ | ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ အနေဖြင့် တည်ဆောက် ရေးနှင့် ပစ္စည်းဝယ်ယူရေးတင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် အနိမ့်ဆုံးကြမ်းခင်း ဈေးသတ်မှတ်ထားခြင်းအား ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၁၀ | နတ်မောက်မြို့နယ်နှင့် ရမည်းသင်းမြို့တို့အား ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၀ |
| ၁၁ | ထီးလင်းမြို့နယ်အတွင်းရှိ ကျင်း-တပျင်းလမ်း(၁၂)မိုင်အား ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၂ | ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း | ၂၅ |
| ၁၃ | ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုး အတွက် အကောင်အထည်ဖော် ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှတစ်ဆင့်ခံ ဥပဒေ ဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၇ |
| ၁၄ | ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို တင်သွင်းခြင်း | ၃၂ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၅၂ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၅–၅–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ ပြောင်းလဲတာဝန် ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးနှင့် အဋ္ဌမပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ ၇–၄–၂၀၁၈ မှ ၂၉–၄–၂၀၁၈ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ **နိုင်ငံတကာ ဆက်ဆံရေး၊ အုပ်ချုပ်မှုနှင့် အများပြည်သူပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သင်တန်း** သို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ် ၏ ၁၉–၄–၂၀၁၈ မှ ၂၀–၄–၂၀၁၈ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ **Dialogue on Parliamentarians Supporting the Quiet Revolution**

**For Better Regulatory Governance** ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမင်းသိန်း၊ ရေဦးမဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၅-၄-၂၀၁၈ မှ ၂၆-၄-၂၀၁၈ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံ **International Conference Improving the Foreign Policy Decision Making Process: The Case of Mongolia** ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ရွှေကူမဲဆန္ဒနယ်၏ ၇-၅-၂၀၁၈ မှ ၈-၅-၂၀၁၈ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ **လက်နက်ငယ်များ၊ သယ်ဆောင်ရလွယ်ကူသော လက်နက်များနှင့် စပ်လျဉ်းသည့် ပါလီမန်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအေးမင်း၊ ခရမ်းမဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၇-၅-၂၀၁၈ မှ ၉-၅-၂၀၁၈ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံ **Parliamentarian Workshop on International Trade 2018 အလုပ်ရုံဆွေးနွေးပွဲ** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၏ **ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများ ရေတိုရေရှည် အကျိုးဖြစ်ထွန်းစေရေး အတွက် မည်ကဲ့သို့သော မူဝါဒ၊ မဟာဗျူဟာများ ချမှတ်၍ စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **လမ်းတံတား အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် အရေးပါသည့် Third Party စနစ် အမြန်ဆုံး အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော Myanmar National Building Code (MNBC) အား ဘာသာပြန်ပြီး ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အမြန်ဆုံးဖြန့်ဝေပေးရန်နှင့် လုပ်ထုံးလုပ်နည်း၊စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်မှုနှင့် ဆောင်ရွက်ကျင့်သုံးမှု ရှိ၊ မရှိ သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်နှင့် ဒလမြို့နယ် ဆက်သွယ်ထားသော တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေး တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် အနိမ့်ဆုံး ကြမ်းခင်းဈေး သတ်မှတ်ထားခြင်းအား ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးအောင်တင်လင်း၊ နတ်မောက် မဲဆန္ဒနယ်၏ **နတ်မောက်မြို့နယ်နှင့် ရမည်းသင်းမြို့တို့အား ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်အတွင်းရှိ ကျင်း–တပျင်းလမ်း (၁၂) မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း၊

၉။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က **"ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော် ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၂။ **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၃။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**(၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၃ ရက်၊
(၂) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၃) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၄ ရက်၊
(၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊
(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဇော်ဝင်း ခွင့် ၁ ရက်၊
(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး ခွင့် ၁ ရက်၊
(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြရွှေ ခွင့် ၁ ရက်၊
(၈) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၄ ရက်၊
(၉) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်နှင့်
(၁၀) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပြုန်ကြားသူ ၃၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၃၄ ဦး၊ ယနေ့

ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လစ်လပ်သွားသော ဥက္ကဋ္ဌနေရာ၌ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လစ်လပ်သွားသောအတွင်းရေးမှူးနေရာ၌ ယင်းကော်မတီမှ အဖွဲ့ဝင် ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ လစ်လပ်သွားသောဥက္ကဋ္ဌနေရာ၌ ယင်းကော်မတီမှ အတွင်းရေးမှူး ဦးအောင်တင်လင်း၊ နတ်မောက်မဲဆန္ဒနယ်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လစ်လပ်သွားသောအတွင်းရေးမှူးနေရာ၌ ယင်းကော်မတီမှ အဖွဲ့ဝင် ဦးလှသန်း၊ ကဝမဲဆန္ဒနယ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ဖွဲ့စည်းမှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲတာဝန်ပေးအပ်ဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲတာဝန်ပေးအပ်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးနှင့် အဋ္ဌမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်း တင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် သတ္တမပုံမှန်အစည်းအဝေးနှင့် အဋ္ဌမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါပြည်ပခရီးစဉ်ကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့ -

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၊ လဟယ်မဲဆန္ဒနယ်၏ ၇-၄-၂၀၁၈ မှ ၂၉-၄-၂၀၁၈ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ နိုင်ငံတကာဆက်ဆံရေး၊ အုပ်ချုပ်မှုနှင့် အများပြည်သူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ နွားထိုးကြီးမဲဆန္ဒနယ်၏ ၁၉-၄-၂၀၁၈ မှ ၂၀-၄-၂၀၁၈ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ Dialogue on Parliamentarians Supporting the Quiet Revolution For Better Regulatory Governance ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ ရေဦးမဲဆန္ဒနယ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၅-၄-၂၀၁၈ မှ ၂၆-၄-၂၀၁၈ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံ International Conference Improving the Foreign Policy Decision Making Process : The Case of Mongolia ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ရွှေကူမဲဆန္ဒနယ်၏ ၇-၅-၂၀၁၈ မှ ၈-၅-၂၀၁၈ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ လက်နက်ငယ်များ၊ သယ်ဆောင်ရလွယ်ကူသောလက်နက်များနှင့်စပ်လျဉ်းသည့် ပါလီမန်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၇-၅-၂၀၁၈ မှ ၉-၅-၂၀၁၈ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံ Parliamentarian Workshop on International Trade 2018 အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တို့ဖြစ်ပါတယ်။

တင်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်ပခရီးစဉ်ငါးခုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများ ရေတိုရေရှည်အကျိုးဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သောမူဝါဒ၊ မဟာဗျူဟာများချမှတ်၍ စီမံဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ န္ဒားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနိုင်ထူးအောင်(န္ဒားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ န္ဒားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်လမ်းများနှင့်ပတ်သက်လို့ နိုင်ငံတော်အစိုးရကနေ ဘယ်လိုမူဝါဒတွေ ချမှတ်ဆောင်ရွက်သွားမယ်ဆိုတာနဲ့စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ မူဝါဒတစ်ရပ်လုံးဆိုရင် ကျယ်ပြန့်လွန်းတာကြောင့် အရေးကြီးတဲ့အချက်အချို့ကိုပဲ အဓိကထားမေးမြန်းသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေပြည်သူတွေဖြစ်တာကြောင့် ကျေးလက်နေပြည်သူတွေရဲ့ဘဝကို မြှင့်တင်နိုင်ရေးဟာ အထူးအရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ကျေးလက်လမ်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးဖို့ဆိုတာ ကျေးလက်နေပြည်သူတွေရဲ့ဘဝကို မြှင့်တင်ရာမှာ အထူးအရေးပါလှပါတယ်။ ကျေးလက်လမ်းများကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းဟာ သယ်ယူပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေးများကို တိုးတက်ကောင်းမွန်စေရုံတင်မကဘဲ ကျေးလက်နေပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကိုပါအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်းတွေအဆင့်မြှင့်တင်တဲ့အခါမှာ ဘယ်လမ်းတွေကို ဘယ်လိုမူနဲ့ ဦးစားပေးရွေးချယ်မှာလဲဆိုတာ အရေးပါတဲ့အချက်ဖြစ်ပါတယ်။ လက်ရှိမှာ ကျေးလက်လမ်းတွေကို လမ်းဦးစီးဌာနအောက်ကလမ်းနဲ့ ဆက်သွယ်ထားမှုရယ်၊ လမ်းအကျယ်ပေါ်မူတည်ပြီး (A)၊ (B)၊ (C) ဆိုပြီး အတန်းအစားသုံးမျိုးခွဲခြားထားတာတွေ့ရပါတယ်။ (A) အဆင့်ကို ၂၀၂၀၊ (B) အဆင့်ကို ၂၀၂၅၊ (C) အဆင့်ကို ၂၀၃၀ မှာ ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဆင့်မြှင့်တင်ဖို့ ရည်ရွယ်ထားတယ်လို့လည်း သိရပါတယ်။ ကျေးလက်လမ်းတွေကို လေ့လာကြည့်ရင် လမ်းဦးစီးဌာနအောက်က လမ်းနဲ့ဆက်သွယ်ထားတိုင်း အသုံးများတာ၊ အရေးပါတာမဟုတ်သလို လမ်းတွေကျယ်တိုင်းလည်း အရေးကြီးတဲ့လမ်းမဟုတ်တာ တွေ့ရမှာဖြစ်ပါတယ်။ လမ်းဦးစီးဌာနကလမ်းနဲ့ မဆက်ပေမဲ့ အရေးပါတဲ့လမ်းတွေအများကြီးရှိသလို လက်ရှိအနေနဲ့ လမ်းတွေ အရမ်းမကျယ်ပေမဲ့ အသုံးများလာတဲ့လမ်းတွေလည်း များစွာရှိပါတယ်။ ဒါကြောင့် လမ်းရဲ့အရေးပါမှု၊ အသုံးများမှုတွေကိုသာ အဓိကထားပြီး အတန်းအစားခွဲခြားသင့်ပါတယ်။ ဒါ့အပြင် လမ်းရဲ့လတ်တလောအသုံးပြုနိုင်တဲ့အနေအထားနဲ့ အရေးပေါ်လိုအပ်မှုကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ လတ်တလောသွားလာ

ဖို့ အဆင်ပြေပြီးသားကျေးလက်လမ်းတွေကို ကတ္တရာလမ်းမြှင့်နေတာထက်စာရင် လုံးဝသွားမဖြစ်တဲ့ လမ်းတွေကို သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ပေးတာက ပိုမိုအကျိုးများနိုင်သလို ဖွံ့ဖြိုးမှုမှာလည်း ပိုမိုညီမျှစေမှာဖြစ်ပါတယ်။

အရေးကြီးတဲ့နောက်တစ်ချက်ကတော့ လက်ရှိရည်မှန်းထားတဲ့အတိုင်း အကောင်အထည်ဖော်နိုင်ဖို့အတွက် လိုအပ်တဲ့ဘဏ္ဍာငွေကို ဘယ်လိုဖြည့်ဆည်းပေးမှာလဲ။ လုံလောက်အောင်ရော ဖြည့်ဆည်းပေးနိုင်ပါ့မလားဆိုတဲ့အချက်ဖြစ်ပါတယ်။ Plan to Budget ဆိုတာမှန်ပေမဲ့ Plan တွေဟာ လက်တွေ့ကျတဲ့ အမှန်ဆောင်ရွက်နိုင်တဲ့ Plan မျိုးဖြစ်ဖို့ လိုပါတယ်။ လက်ရှိဘဏ္ဍာငွေခွဲဝေရရှိမှုတွေအရလည်း ရည်မှန်းထားတဲ့အတိုင်း ၂၀၂၀ မှာ (A) အဆင့်လမ်းတွေအားလုံးကို ကတ္တရာလမ်းဖြစ်ဖို့ ဆိုတာ မလွယ်တော့ဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ဟိုနားကတ္တရာတစ်မိုင်၊ ဒီနားကတ္တရာတစ်မိုင် ဆိုတာမျိုး ခင်းမနေဘဲ မဖြစ်မနေကတ္တရာခင်းဖို့၊ ကွန်ကရစ်လမ်းအဆင့်မြှင့်ဖို့ လိုအပ်တဲ့လမ်းလောက်ကိုပဲ ကတ္တရာခင်းတာ၊ ကွန်ကရစ်ခင်းတာလောက်လုပ်ပြီး အခြားလမ်းတွေကို ရရှိနိုင်မယ့်ဘဏ္ဍာငွေ လတ်တလောလိုအပ်မှု၊ လမ်းရဲ့မြေအနေအထား စတာတွေနဲ့ ချင့်ချိန်ပြီး ကျောက်ချောလမ်း၊ ဂျင်းလမ်း၊ ဂဝံလမ်း၊ မြေသားလမ်း စတာတွေအဖြစ် ဖောက်လုပ်တာက လက်တွေ့ပိုကျသလို ပိုလည်းအကျိုးများစေနိုင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်းများရဲ့ လမ်းအကျယ်သတ်မှတ်ရေး၊ ထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးတို့အတွက် ခိုင်မာတဲ့မူတစ်ခုဖြစ်လာဖို့ ကျေးလက်လမ်းဆိုင်ရာဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲဖို့ လိုနေပါတယ်။ ဒါ့အပြင် လမ်းဖောက်ရာမှာ လိုအပ်တဲ့လမ်းတွေရရှိရေးနဲ့ပတ်သက်ရင်လည်း မြေပိုင်ရှင်ကပေးရင်ဖောက်မယ်၊ မပေးရင်မဖောက်ဘူးဆိုတဲ့ လက်ရှိကျင့်သုံးနေတဲ့မူဟာ ရေရှည်မှာအဆင်မပြေနိုင်သလို လူတစ်ယောက်စ၊ နှစ်ယောက်စလောက်က သဘောမတူတာနဲ့ လူအများအကျိုးနစ်နာမယ့်သဘောဖြစ်နေပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး လက်တွေ့ကျကာ မျှတမှုရှိတဲ့၊ တိကျပြတ်သားတဲ့မူဝါဒ လိုအပ်နေပြီဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်အနေနဲ့ သိရှိလိုတာက ကျေးလက်လမ်းဆိုင်ရာမူဝါဒချမှတ်တဲ့အခါမှာ ဖောက်လုပ်ပြီးလမ်းများ ထိန်းသိမ်းပြုပြင်ရေးကို ဘယ်လိုထည့်သွင်းစဉ်းစားထားသလဲဆိုတဲ့အချက်ဖြစ်ပါတယ်။ ယခု Mini Budget မတိုင်မီအထိ ဖောက်လုပ်ပြီးကျေးလက်လမ်းများ ထိန်းသိမ်းပြုပြင်ရေးအတွက် ဘဏ္ဍာငွေချထားပေးမှု မရှိသလောက်ဖြစ်နေတာ တွေ့ရပြီး အဲဒီအတွက်ကြောင့်လည်း ပြုပြင်ဖို့လိုအပ်လာရင် အချိန်မီမပြုပြင်နိုင်ဖြစ်ကာ လမ်းတွေမပျက်စီးသင့်ဘဲ များစွာပျက်စီးရပါတယ်။ ဒါကြောင့် ဖောက်လုပ်ပြီးလမ်းများ ပြုပြင်ရေးကို ကျေးလက်လမ်းဆိုင်ရာမူဝါဒချမှတ်ရာမှာ အထူးအလေးပေးထည့်သွင်းဖို့ လိုမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ လူမှုဘဝများမြှင့်တင်ရေးတို့အတွက် နိုင်ငံတော်ဘဏ္ဍာငွေကို ထိထိရောက်ရောက်သုံးစွဲပြီး နိုင်ငံတော်နှင့် နိုင်ငံသားတွေကို အကျိုးအများဆုံးပြုစေမယ့် ရေရှည်မှာရရှိမယ့်အကျိုးကိုရည်ရွယ်ရုံမျှသာမက ရေတိုအတွင်းမှာပါ အကျိုးများစွာရရှိစေမယ့် ကျေးလက်လမ်းဆိုင်ရာမူဝါဒတစ်ရပ် လိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ အအဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများ ရေတို၊ ရေရှည်

အကျိုးဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သောမူဝါဒ၊ မဟာဗျူဟာများချမှတ်၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်မှ မေးမြန်းထားတဲ့ ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများ ရေတို၊ ရေရှည်အကျိုးဖြစ်ထွန်းစေရေးအတွက် မည်ကဲ့သို့သောမူဝါဒ၊ မဟာဗျူဟာများချမှတ်၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများ ရေတို၊ ရေရှည်အကျိုးဖြစ်ထွန်းစေရေးအတွက် ကျေးလက်လမ်းများဖွံ့ဖြိုးရေးမဟာဗျူဟာကို ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအတွက် မူဝါဒချမှတ်ပေးထားပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို အကျဉ်းချုပ်တင်ပြသွားမှာဖြစ်ပါတယ်။ ရည်မှန်းချက်အနေဖြင့် ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များအသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရေး၊ ၂၀၃၀ ခုနှစ် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်အတွက် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်သွားလာရေးတို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) နှင့် ပူးပေါင်းလေ့လာသုံးသပ်ထားချက်များအရ တစ်နိုင်ငံလုံး လူဦးရေ ၅၁ သန်းကျော်မှ ၇၀ ရာခိုင်နှုန်းဖြစ်သည့် ၃၅ သန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီးတော့ အဆိုပါ ၃၅ သန်းရဲ့ ၂၈ ရာခိုင်နှုန်းဖြစ်တဲ့ ၁၀ သန်းခန့်သည် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများကို အသုံးပြုနိုင်ကြပြီးတော့ အမာခံလမ်းနှင့် ကျောက်ချောလမ်းအသုံးပြုနိုင်တဲ့ လူဦးရေကတော့ ကျေးလက်နေလူဦးရေရဲ့ ၁၁ သန်းခန့်

စုစုပေါင်း ကျေးလက်နေလူဦးရေရဲ့ ရာခိုင်နှုန်း ၃၀ ခန့်ရှိပါတယ်။ ခြောက်သွေ့ရာသီမှာ သွားလာနိုင်တဲ့ ကျေးလက်မြေသားလမ်းများကို အသုံးပြုနိုင်တဲ့လူဦးရေကတော့ ၁၀ သန်းလောက်ရှိပြီးတော့ ကျေးလက်နေလူဦးရေရဲ့ ရာခိုင်နှုန်း ၃၀ လောက်က အသုံးပြုနေကြတာဖြစ်ပါတယ်။ လမ်းလုံး၀ မရှိသေးတဲ့ဒေသတွေမှာ နေထိုင်တဲ့လူဦးရေက လေးသန်းခန့်ရှိပြီးတော့ ရာခိုင်နှုန်းအားဖြင့် ကျေးလက်နေလူဦးရေရဲ့ ၁၂ ရာခိုင်နှုန်းလောက်သည် လမ်းလုံး၀မရှိသေးတဲ့ဒေသတွေမှာနေထိုင်နေကြပြီးတော့ ၎င်းတို့အတွက် ကျေးလက်လမ်းများ ဆက်လက်ဖောက်လုပ်ပေးသွားရမှာဖြစ်ပါတယ်။ အခြေခံစာရင်းပြုစုထားရှိပြီးတဲ့ကျေးရွာပေါင်း ၅၇၂၂၈ ရွာအနက်မှာ လူဦးရေ ၁၀၀၀ နှင့်အထက်နေထိုင်တဲ့ကျေးရွာတွေအားလုံးကို ၂၀၂၀ ခုနှစ်မတိုင်မီမှာလည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိတဲ့ကျေးရွာတွေအားလုံးရဲ့ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်မတိုင်မီမှာလည်းကောင်း၊ ရာသီမရွေးသွားလာနိုင်တဲ့ ကျေးလက်လမ်းများအဖြစ် ဖောက်လုပ်နိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ၂၀၃၀ ပြည့်နှစ်အတွင်းမှာ တစ်ဆင့်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ တချို့ပြည်နယ်တွေမှာ လူဦးရေ ၂၅၀ တောင်မပြည့်တဲ့ရွာများစွာရှိပါတယ်။ ဒီလိုရွာတွေရဲ့ လမ်းပန်းဆက်သွယ်ရေးအခြေအနေတွေကိုတော့ ရွာတွေရဲ့အခြေအနေတွေ အရေးကြီးတဲ့အခြေအနေတွေအပေါ်မူတည်ပြီးတော့ သီးခြားဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်လမ်းများအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အဓိကချိတ်ဆက်တဲ့ လမ်းကွန်ရက်စနစ် (Core Rural Road Network) ဖြင့် ရွေးချယ်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ လမ်းဦးစီးဌာနပိုင် လမ်းမကြီးများနှင့် တိုက်ရိုက်ချိတ်ဆက်တဲ့လမ်းများကို Class(A)၊ တစ်ဆင့်ခံချိတ်ဆက်တဲ့လမ်းများကို Class(B)နှင့် Class(B) လမ်းအချင်းချင်းထပ်မံချိတ်ဆက်တဲ့လမ်းများကို Class(C) လို့သတ်မှတ်ပြီးတော့ ကျေးလက်လမ်းများဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်အညီ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလိုဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ သို့သော် ကျွန်တော်သိချင်တဲ့အချက်တစ်ချက်မှမပါဘူး ဖြစ်သွားပါတယ်။ ကျွန်တော် အချက်လေးချက်ကိုမေးတာဖြစ်ပါတယ်။ (၁) ကတော့ (A)၊ (B)၊ (C) ရွေးချယ်တာကိုပြန်လည်သုံးသပ်ပေးနိုင်၊ မပေးနိုင်ပါ။ လမ်းဦးစီးလမ်းနဲ့ဆက်တယ်ဆိုတိုင်းလည်း လမ်းက တကယ်အရေးပါတဲ့လမ်းဟုတ်တယ်မဟုတ်ဘူးဆိုတာ ပြောရတာတော်တော်ခက်ပါတယ်။ ဒါနမူနာပြမယ်ဆိုရင်လည်း ကျွန်တော်တို့မြို့နယ်တစ်ခုတည်းမှာတင်ပြစရာတွေအများကြီးရှိပါတယ်။ ဒါကြောင့် ဒီတစ်ချက်ကတော့ လမ်းဦးစီးဌာနတစ်ခုတည်းနဲ့ဆက်တာမဟုတ်ဘဲနဲ့ အခြားသောအချက်တွေနဲ့ပတ်သက်ပြီးတော့ စဉ်းစားပေးနိုင်၊ မပေးနိုင်။ (A)၊ (B)၊ (C) ရွေးတဲ့အခါမှာ အသုံးများမှု၊ အသုံးဝင်မှုစတဲ့အချက်တွေပေါ်မူတည်ပြီး ပေးနိုင်၊ မပေးနိုင်။ ပထမတစ်ချက် ကျွန်တော် မေးမြန်းတာဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ စီမံကိန်းတစ်ခုရေးဆွဲတယ်ဆိုလို့ရှိရင် နောက်ကဘတ်ဂျက်ကလိုက်နိုင်မှုဖြစ်ပါတယ်။ ဥပမာတစ်ခုပြောရရင် ဝင်ငွေအရ၊ လက်ရှိ

ကိုယ့်ရဲ့ပိုင်ဆိုင်မှုအရ နံကပ်တိုက်ပဲဆောက်နိုင်တဲ့သူက နံကပ်တိုက်ပဲဆောက်တာ ကောင်းပါတယ်။ ပိုက်ဆံမနိုင်မနင်းနဲ့ RC သုံးထပ်လိုဟာမျိုးသွားဆောက်ရင် ဖောင်ဒေးရှင်းလည်းချပြီးရော ဆက်ဆောက်စရာပိုက်ဆံမရှိဖြစ်ပြီးတော့ အကျိုးလုံးဝမရှိဖြစ်သွားပါမယ်။ ဒါကြောင့် ဒီခုနကပြောထား တဲ့ (A)အဆင့်လမ်းတွေကို ၂၀၂၀ ခုနှစ်မှာ ကွန်ကရစ်လမ်းဖြစ်အောင်လုပ်မယ်တို့၊ ကတ္တရာလမ်း ဖြစ်အောင်လုပ်မယ်တို့ဆိုတာတွေကို တကယ်ဘတ်ဂျက်မလိုက်နိုင်ဘူးဆိုရင်လည်း လိုက်နိုင်တဲ့ ဘတ်ဂျက်ကိုချင့်ချိန်ဖို့လိုပါတယ်။ ဒါနဲ့ပတ်သက်၍လည်း Medium Term Framework လို့ခေါ်တဲ့ ကာလလတ်အတွင်းမှာ ဘယ်လောက်လောက်ငွေပမာဏကို ဘယ်နေရာတွေမှာသုံးမယ်ဆိုတာကို အစိုးရအဖွဲ့အနေနဲ့ ချမှတ်ထားဖို့လိုမှာဖြစ်ပါတယ်။ ချမှတ်ထားပြီးရင် ကိုယ့်ရဲ့ကျေးလက်လမ်း အတွက် ဘယ်လောက်ရနိုင်တယ်ဆိုတာပေါ်မှာ အခြေခံပြီးတော့ နောက် နိုင်ငံတကာအကူအညီ တွေက ဘယ်လိုရလာနိုင်တယ်ဆိုတာကိုမူတည်ပြီးတော့ ရနိုင်တဲ့ဘတ်ဂျက်နဲ့ကိုက်ညီတဲ့စီမံကိန်းတစ်ခု ကို ရေးဆွဲတာကပိုကောင်းပါလိမ့်မယ်။ ရှေ့ကနေ စီမံကိန်းကသွားတယ်။ နောက်ကဘတ်ဂျက်က မလိုက်ဘူးဆိုတဲ့ စိတ်ကူးယဉ်ဆန်မှုတွေဖြစ်ကုန်ရင် တကယ်ထိထိရောက်မဖြစ်ဘဲနဲ့ ငွေကြေး အလေအလွင့်တွေ ပိုပြီးဖြစ်သွားနိုင်တဲ့အနေအထားကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘတ်ဂျက်နဲ့ ပတ်သက်လို့ရှိရင် ဘယ်လိုရနိုင်အောင်လျာထားပြီးသား ရှိတယ်။ လက်ရှိစီမံကိန်းကိုရော ဘတ်ဂျက်က နောက်ကလိုက်လာနိုင်အောင် သေချာအောင်ရော ဆောင်ရွက်ပြီးပြီလား။ မသေချာသေးဘူးဆိုရင်ရော ဘတ်ဂျက်ရရှိမှုပေါ် မူတည်ပြီးတော့မှ ပြန်လည်ရေးဆွဲဖို့ရောမရှိဘူးလားဆိုတာလေး သိချင်ပါတယ်။

နောက်တစ်ခု တတိယအချက်ကတော့ ကျေးလက်လမ်းနဲ့ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းဖို့ ရှိပါသလား။ နောက် လမ်းတွေရရှိရေးမူဝါဒကိုရော ဘယ်လိုလုပ်မှာလဲဆိုတာ သိချင်ပါတယ်။ လက်ရှိ လုပ်နေရတဲ့အနေအထားက အဆင်မပြေပါဘူး။ ညှိလို့ရရင်ဖောက်မယ်။ ညှိလို့မရရင်မဖောက်ဘူး ဆိုတော့ သိပ်အရေးကြီးတဲ့လမ်းကို လူတစ်ယောက်လောက်က တင်းခံနေတာနဲ့တင်လည်း ဖောက်လို့ မရတော့ဘူးဆိုတော့ အများကြီးနစ်နာနိုင်ပါတယ်။ ဒါကြောင့် ဘယ်လိုမျိုးဆောင်ရွက်ပေးနိုင်မလဲ ဆိုတာကို ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုမျိုးဆက်လက်ပြီးလုပ်သွားမလဲဆိုတာသိချင်ပါတယ်။

နောက်ဆုံးသိချင်တဲ့အချက်ကတော့ လမ်းတွေကဖောက်ထားပါတယ်။ သို့သော် ကျွန်တော့် မြို့နယ်မှာလည်း ကတ္တရာလမ်းတွေရှိပါတယ်။ ကျေးလက်လမ်းဦးစီးဌာနကဖောက်ထားတာ။ အရင် တုန်းကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနက ဖောက်ခဲ့တာပါ။ ကတ္တရာလမ်းသာ ပြောတယ်။ လမ်းတွေကပျက်တာများတော့ ကတ္တရာလမ်းပေါ်မှာကားမောင်းလို့မရတော့ဘဲ ဘေးက လှည်းလမ်းပေါ်မှာ သွားမောင်းနေရဲ့အနေအထားတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အချိန်မီ ထိန်းသိမ်းပြုပြင်မှုမလုပ်နိုင်ခဲ့လို့ပါ။ ဒါကြောင့်မို့လို့ ကတ္တရာလမ်းပေါ်လှည်းမတက်ရဆိုတဲ့ စည်းကမ်း ရှိပြီးတော့ လှည်းလမ်းပေါ်ကားမမောင်းရဆိုတဲ့စည်းကမ်းမရှိသေးတာပဲ ကံကောင်းတယ်ပြောရမှာပါ။ နို့မို့ရင် တချို့လမ်းတွေ ဘယ်လိုခရီးသွားရမှန်းမသိတော့တဲ့အနေအထားရှိပါတယ်။ ဒါကြောင့် မို့လို့ ထိန်းသိမ်းပြုပြင်ရေးကိစ္စတွေအပေါ် ဘယ်လိုမျိုးဆောင်ရွက်သွားဖို့ရှိသလဲ။ ဘယ်လိုမျိုး လျာထားသလဲဆိုတာကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကို သတိပေးလိုပါတယ်။ ဆက်စပ် မေးခွန်းဆိုတဲ့နေရာမှာ မိမိရဲ့ဟိုဟာတွေတင်ပြနေစရာမလိုပါဘူး။ ဒါမေးခွန်းမေးမြန်းတာ ဖြစ်ပါတယ်။

Supplementary Question ဆိုတဲ့ဟာက မေးမြန်းသွားတဲ့ပေါ်မှာ ဝန်ကြီးကဖြေမယ်။ ဝန်ကြီးက ဖြေတဲ့ပေါ်မှာ ဒီ Subject matter ကိုပဲ ပေါ်ပေါက်လာတဲ့ အချက်တွေကိုပဲ မိမိထပ်ဆင့်မေးမြန်းဖို့ ဖြစ်ပါတယ်။ အဲဒါကြောင့် ဝန်ကြီးအနေနဲ့ ဖြေနိုင်ကဖြေပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းလေးခုဖြစ်ပါတယ်။ ပထမတစ်ချက် က (A)၊ (B)၊ (C) ကိုပြန်လည်သုံးသပ်ပေးပါဆိုတဲ့အချက်ရှိပါတယ်။ ကျွန်တော်တို့က Class(A) သည် Main လမ်းမကြီးနဲ့တိုက်ရိုက်ထိတွေ့မယ့်လမ်းကို Class(A)လို့သတ်မှတ်ပြီးတော့ သူ့ရဲ့လမ်းနယ် အကျယ်ကို ပထမမူလက ပေ ၁၀၀ ဆိုပြီးသတ်မှတ်ပါတယ်။ ပေ ၁၀၀ သတ်မှတ်ခြင်း အကြောင်းအရင်းကတော့ ကတ္တရာလမ်း သို့မဟုတ်ရင် ကွန်ကရစ်လမ်းလုပ်လို့ရှိရင် လမ်းပုခုံးဆိုတာ လိုလာပါတယ်။ လမ်းပုခုံးလုပ်လာပြီးရင် လမ်းဘေးရေမြောင်းဆိုတာလည်း လိုလာပါတယ်။ ဒါကြောင့် မို့လို့ လမ်းနယ်ရှိမှဒီဟာတွေ Road Furniture လို့ခေါ်တဲ့ အချက်အလက်တွေအားလုံးထည့်ဖို့ အတွက်ကို ပေ ၁၀၀ လို့သတ်မှတ်တဲ့အချိန်မှာ အဲဒီအခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ဝန်ကြီးများနဲ့တွေ့တဲ့အခါမှာ ပေ ၁၀၀ ရဖို့တော်တော်ခက်ပါတယ်ဆိုပြီးတော့ ပြောပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ပေ ၁၀၀ မလုပ်ပါနဲ့ Class(A)ကို ပေ ၆၀ ကိုလျှော့ပေးပါ ဆိုပြီးတော့ အားလုံးဝိုင်းဝန်းညှိနှိုင်းပါတယ်။ အဲဒီဟာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များနဲ့ အရင်ဆုံး နယ်တွေမှာအရင်ညှိပါတယ်။ ညှိပြီးမှ ပေ ၁၀၀ အစား အနည်းဆုံး ပေ ၆၀ ဆိုရင်တော့ လမ်းဖြစ်မယ်၊ လမ်းပြီးရင်လမ်းပုခုံးပါမယ်၊ လမ်းပုခုံးပြီးလို့ရှိရင် လှည်းလေးသွားမယ့် လှည်းလမ်းလေး ပါမယ်။ ပြီးရင်တော့ ရေမြောင်းပါမယ်။ ပေ ၆၀ ဆိုရင် ရပါတယ်ဆိုပြီး ကျွန်တော်တို့ Class(A) ကို လမ်းနယ် ပေ ၆၀ ဆိုပြီးတော့ အဲဒီအစည်းအဝေးကြီးမှာ အတည်ပြုခဲ့ပါတယ်။ အဲဒီတော့ ဒုတိယ အနေနဲ့ကတော့ Class(B)လမ်းဖြစ်ပါတယ်။ Class(B)လမ်းကတော့ ကတ္တရာလမ်းအဆင့်မဟုတ်ပါဘူး ခင်ဗျား။ သူက အမာခံလမ်း၊ ဂဝံလမ်း သို့မဟုတ်ရင်လည်း ကျောက်ချောလမ်းအဆင့်ဖြစ်ပါတယ်။ Class(B)ကိုတော့ မူလက ပေ ၆၀ ထားတာကို ပေ ၄၀ လောက်ထားပေးပါဆိုပြီးတော့ ကျွန်တော်တို့က ပေ ၄၀ ရရင်တော့ Class(B)ဆောင်ရွက်ပါမယ်။ သူကတော့ ဒီလမ်းပေါ်မှာလှည်းမောင်းမှာဖြစ်တဲ့ အတွက် လှည်းလမ်းသက်သက်မလိုတော့ဘဲနဲ့ လမ်းပြီးသွားလို့ရှိရင်တော့ လမ်းပုခုံးနဲ့ ရေမြောင်း ပါပါမယ်။ အဲဒီအတွက် ပေ ၄၀ သတ်မှတ်ပြီးတော့ လမ်းနယ်လုံးဝမရနိုင်ဘူး။ တချို့နေရာမှာ ၁၀ ပေ၊ ၁၅ ပေစသည်ဖြင့် ဒီလိုမျိုးဖြစ်နေရင်တော့ Class(C)ဆိုပြီးတော့ သတ်မှတ်ထားပါတယ်။ မြေသားလမ်း အတိုင်းပဲ လောလောဆယ်ထားမယ်ဆိုတဲ့အနေအထားမျိုးနဲ့သတ်မှတ်တဲ့အခါကျတော့ အဲဒါလုပ်ပြီးတဲ့ အခါမှာ ဝန်ကြီးချုပ်များကို ကျွန်တော်တို့က အကူအညီတောင်းခံပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး နဲ့ပြည်နယ်များမှာပဲ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်သုံးရပ်မှကိုယ်စားလှယ် များနဲ့ တွေ့ဆုံပြီးတော့ Class(A), Class(B), Class(C)ကိုခွဲပေးပါဆိုတဲ့အချိန်မှာ ခွဲပေးလာတဲ့အတွက် ကျွန်တော်တို့က ဒီဟာကိုအကြမ်းအားဖြင့် အတည်ပြုပြီးဖြစ်ပါတယ်။ အတည်ပြီးတော့ကြမှ ဒါကို အခု Cabinet တင်ပါမယ်။ Cabinet တင်လို့ Cabinet မှာအတည်ပြုပြီဆိုရင်တော့ ကျွန်တော်တို့က ဒီလွှတ်တော်ကို အဆောက်အဦ ၆၆၀ ချုပ်ပြီးတော့ပို့ရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြီးခဲ့တဲ့ ၈ ရက်နေ့ အစည်းအဝေးမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်များက တက်လာတဲ့ဝန်ကြီးများကနေ အဲဒါ

လေးကိုပြန်လည်ပြီးသုံးသပ်ပါရစေဆိုပြီး ခုနကကိုယ်စားလှယ်ကြီး ပြောသလိုပြောတဲ့အတွက် ကျွန်တော်တို့က စည်း/ကော်နဲ့ Cabinet တင်မယ့်ကိစ္စကို ခဏရပ်ထားပြီးတော့ ဝန်ကြီးချုပ်များကို ပြန်လည်ပြီး နောက်ဆုံးအကြိမ်သုံးသပ်ပေးပါဆိုပြီး ကျွန်တော်ပြန်ပို့ထားပါတယ်ခင်ဗျား။ ပို့ထားတဲ့ဟာ ဝန်ကြီးချုပ်များက လွှတ်တော်သုံးရပ်စလုံးက ကိုယ်စားလှယ်တွေကိုခေါ်ပြီးတော့ Analysis လုပ်ပါမယ်။ အဲဒါပြီးရင်တော့ ကျွန်တော်တို့က ဒီအတိုင်းဒီဟာကိုအတည်ပြုလိုက်လို့ရှိရင်တော့ ဒီ (A)၊ (B)၊ (C) ရဲ့အခြေအနေသည် လွှတ်တော်ထိ ဒီစာအုပ် ၆၆၀ ချုပ်ပြီးတော့ ပေးပို့သွားမှာဖြစ်ပါတယ်။ ဒါလေးကလည်း အခုအခြေအနေလေးကို တင်ပြခြင်းဖြစ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့စီမံကိန်းနဲ့ဘတ်ဂျက်ကိစ္စလေးဖြစ်ပါတယ်။ စီမံကိန်းနဲ့ဘတ်ဂျက်ကိစ္စကို ကိုယ်စားလှယ်ကြီးထောက်ပြသွားတာမှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့က အခုအခြေအနေမှာက စီမံကိန်းတွေရေးဆွဲပြီး စီမံကိန်းတွေနောက်က ဘတ်ဂျက်လိုက်တာမျိုးကို Budget follows the Plan အဆင့်ထိမရောက်နိုင်သေးပါဘူး။ အခုက ကျွန်တော်တို့က Plan follows the Budget ဖြစ်နေပါတယ်။ Seeing Figures ပေးထားတဲ့ဘတ်ဂျက်ကိုမူတည်ပြီးမှ ဒီထဲမှာနည်းနည်းနည်းနည်း လိုက်ပြီးတော့ ဘတ်ဂျက်လျာရတဲ့သဘောဖြစ်တော့ ဥပမာအားဖြင့်ပြောရင် ၂၀၁၈-၂၀၁၉ ခုနှစ် အတွက် ကျေးလက်လမ်းတွေအတွက် ဘတ်ဂျက်သည် ကျွန်တော်တို့ဌာနအတွက်က ဘီလီယံ ၈၀ ပဲ ရပါတယ်။ သို့သော်လည်း တကယ်လုပ်ရမယ့်မိုင်အားဖြင့်ဆိုလို့ရှိရင်တော့ မိုင်ပေါင်း ၅၀၀၀၀ ကျော်လောက်မှာ ဦးစားပေး (A)၊ (B)၊ (C)စသည်ဖြင့် လုပ်ငန်းအများကြီးဆိုတဲ့အခါမှာ အခုဟာက နည်းနည်းစီမျှလုပ်လိုက်ရင်လည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို အရာမရောက်မှာ စိုးတဲ့အတွက် ကျွန်တော်တို့သည် ဒီထဲကနေဦးစားပေး (၁)၊ (၂)၊ (၃)၊ (၄)တွေ လုပ်လိုက်တဲ့အတွက် တချို့ကတိကဝတ်လေးတွေကတော့ ဒီထဲမှာပါမှာမဟုတ်ကြောင်းလည်း ကြိုတင်တင်ပြအပ်ပါတယ်။

နံပါတ် (၃)အချက်။ ဥပဒေပြဋ္ဌာန်းဖို့ဆိုတဲ့ကိစ္စလေးက မှန်ပါတယ်။ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းဖို့လုပ်နေပါတယ်။ ဥပဒေပြဋ္ဌာန်းလိုက်လို့ရှိရင်တော့ ဒီထဲမှာ တစ်ယောက်၊ နှစ်ယောက်လောက်က ကပ်သတ်ပြီးတော့မှ မပေးနိုင်ဘူးဆိုတဲ့ဟာကို ဥပဒေနဲ့ကျွန်တော်တို့ကသိမ်းလိုက်မှ A-Class ဆိုပြီး ပေ ၆၀ လမ်းဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေလည်းစပြီးရေးဆွဲနေပြီဆိုတဲ့အကြောင်းလည်း ဖော်ပြလိုပါတယ်။

နံပါတ်(၄)အချက် ထောက်ပြထားတဲ့အချက်ကိစ္စက လမ်းဖောက်ပြီးလို့ရှိရင် လမ်းပြင်ဆင် ထိန်းသိမ်းမှုမရှိဘူးဆိုတဲ့အချက်လေးက မှန်ပါတယ်။ ဒါကျွန်တော်တို့ ကျေးလက်လမ်းတွေ တော်တော်များများဟာ ပြင်တဲ့ဘတ်ဂျက်ပဲရှိပြီးတော့ ထိန်းသိမ်းတဲ့ Maintenance Budget မရှိတာ များပါတယ်။ ကျွန်တော်တို့မူလလမ်းဦးစီးဌာန၊ တံတားဦးစီးဌာနကတော့ Maintenance Budget ရှိပါတယ်။ အခု ဒီနှစ်ကစပြီးတော့ Maintenance Budget စတင်ထည့်ပါပြီ။ ထည့်ပြီးတော့ ကျွန်တော်တို့ Maintenance ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**လမ်းတံတား အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများတွင် အရေးပါသည့် Third Party စနစ် အမြန်ဆုံးအကောင်အထည်ဖော်ရန်အတွက် လိုအပ်သော Myanmar National Building Code (MNBC)အား ဘာသာပြန်ပြီး ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အမြန်ဆုံးဖြန့်ဝေပေးရန်နှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်မှုနှင့် ဆောင်ရွက်ကျင့်သုံးမှုရှိ/မရှိ သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက ဒီနေ့ Myanmar National Building Code (MNBC)အား ဝန်ကြီးဌာနမှ ဘာသာပြန်ဆိုမှုနှင့် Third Party စနစ်အတွက် ဆောင်ရွက်မှုများအား သိရှိနိုင်ရန် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ပြည်သူ့လွှတ်တော်ကြီးမှ Third Party စနစ်ကို မှန်ကန်စွာအမြန်ဆုံးကျင့်သုံးရန်အဆိုကို ယခင်နှစ် နိုဝင်ဘာလကပင် ကန့်ကွက်သူမရှိ အတည်ပြုပြီး ဖြစ်ပါတယ်။ Third Party စနစ်ကျင့်သုံးရန် လိုအပ်တဲ့ MNBC ကို ၂၀၁၆ ခုနှစ်ကပင် ဘာသာပြန်နေသည်လို့ သိရသော်လည်း ပြီးစီးမှုရှိ/မရှိ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းရေးဆွဲကျင့်သုံးမှု၊ အကောင်အထည်ဖော်မှုရှိ/မရှိတို့ကို နိုင်ငံတော်အကျိုးအတွက် အများပြည်သူသိရှိရန် လိုအပ်နေပါတယ်။ ဒီစနစ်ကို အတည်ပြုပြီးချိန်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အဆိုရဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် Third Party များ ဖွဲ့စည်းဆောင်ရွက်နေကြောင်း သိရှိရသော်လည်း စနစ်ကျမှုအားနည်း၍ ရည်ရွယ်ရာနှင့်လွဲနေတာ တချို့ရှိပါတယ်။ အချို့သောလုပ်ငန်းများမှာ တစ်ခါမှပင်လာရောက်စစ်ဆေးနိုင်မှုမရှိဘဲ စစ်ဆေးခရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ ငွေကြိုတင်ပေးသွင်းထားရကြောင်း၊ သီးခြားလွတ်လပ်မှုရှိသောအဖွဲ့အစည်းမဟုတ်ဘဲ အကျိုးစီးပွားဆက်နွယ်မှုများနှင့်ပတ်သက်ဖွယ်ဖြစ်နေကြောင်း၊ တိကျခိုင်မာသော တာဝန်ယူမှု၊ တာဝန်ခံမှု၊ စာချုပ်စာတမ်းများနှင့် ငှားရမ်းခိုင်းစေမှုမပါရှိကြောင်းတို့ကို ကြားသိနေရပါတယ်။ ဒါတွေဟာ ကောင်းမွန်တဲ့စနစ်ရဲ့ရည်ရွယ်ချက်ကို မှေးမှိန်အားနည်းပြီးတော့ သေးသိမ်စေပါတယ်။ နောက်ပြီး ဌာနဆိုင်ရာအဆောက်အဦတွေတည်ဆောက်ရာမှာပင် တိကျသောအမျိုးအစား၊ အရည်အသွေးသတ်မှတ်ချက်တို့ကို ဥပမာကွန်ကရစ်ဆိုရင် လုပ်ငန်းအပေါ်မူတည်ပြီး ဘယ်လိုအမျိုးအစား၊ သံချောင်းဆိုရင် ဘယ်လိုခံနိုင်ရည်စသဖြင့် တိကျစွာသတ်မှတ်ပေးရန် လိုအပ်ပါတယ်။ အဲဒီလိုမဟုတ်ရင် တင်ဒါအောင်မြင်သူကဈေးနည်းပြီး ပျက်စီးလွယ်တာကို အသုံးပြုဆောက်လုပ်ကြမှာ ဖြစ်ပါတယ်။ MNBC ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)၊ ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးအစီအစဉ်(UN-Habitat)၊ တက္ကသိုလ်များမှ ပညာရှင်များ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကတို့ပူးပေါင်းပါဝင်တဲ့ Technical Working Group ကို ဖွဲ့စည်းရေးဆွဲခဲ့ကြခြင်းဖြစ်ပြီး မူကြမ်း Provisional 2012 ကို၂၀၁၃ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။ ဒါပေမဲ့ တချို့အပိုင်းခွဲလေးများ မပါရှိသေးလို့ ဆက်ပြုစုပြီး ၂၀၁၆ ခုနှစ်မှာ အပြီးသတ်ထုတ်ဝေဖို့ ရည်ရွယ်ကြောင်း သိရပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက်ကို ထုတ်ဝေခဲ့ပေမဲ့ ပြင်ပကို ကိုးကားရန် ထုတ်ဝေခြင်းမရှိသေးပါဘူး။ ဒါကြောင့် ဆောက်လုပ်ရေးများမှာ

စံနှုန်းမမှန်ကန်ခြင်းကြောင့် ပြိုကျနိုင်ခြင်း၊ စံနှုန်းမှန်ပစ္စည်းအသုံးမပြု၍ ရေရှည်မခံခြင်း၊ စနစ်ကျသော အလင်းရောင်မရရှိမှု၊ အပူအအေးမမျှတမှုတို့ကြောင့် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရခြင်း အကျိုးဆက်ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ စနစ်ကျသောမီးဘေးကာကွယ်ရေးစနစ်၊ ငြိမ်းသတ်မှုစနစ်၊ ကယ်ဆယ်မှုစနစ်များမပါရှိ၍ အသက်အန္တရာယ်ပိုမိုများခြင်း၊ ရေ၊ မီး၊ မိလ္လာစနစ်တို့ စနစ်မကျ၍ ပြုပြင်ထိန်းသိမ်းစရိတ်မြင့်မားခြင်းတို့ ဖြစ်ပွားလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်ကြီးမှာ Third Party စနစ်အဆိုကို တင်သွင်းခဲ့ကြ၊ ဆွေးနွေးခဲ့ကြစဉ်ကပင် မည်သို့အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုချက်များ ပြည့်စုံစွာ တင်သွင်းဆွေးနွေးခဲ့ကြပါတယ်။ ကျွန်မတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မကြာခဏ အလေးထားဆွေးနွေးနေခဲ့ကြသော လုပ်ငန်းစံချိန်စံညွှန်းနှင့် ပစ္စည်းအမျိုးအစားတိကျသော သတ်မှတ်ချက်များထားရှိရန်၊ တင်ဒါစနစ်နှင့် တင်ဒါစနစ်ကို မှန်ကန်စွာကျင့်သုံးပြီး လွတ်လပ်သော တာဝန်ခံမှုရှိသောအဖွဲ့အစည်းများ ငှားရမ်းစစ်ဆေးရန်တို့အတွက် ဥပဒေတချို့လည်း ပြဋ္ဌာန်းရန်လိုအပ်နေပါတယ်။ သို့သော် ဥပဒေအသစ်တစ်ခု ပြဋ္ဌာန်းရေးဆွဲရန် လက်ရှိအခြေအနေအရ အချိန်ကာလက အနည်းဆုံးနှစ်နှစ်ခန့် ယူရမှာဖြစ်လို့ ပထမဦးဆုံးအတည်ပြုခဲ့တဲ့တင်ဒါစနစ်မှာပင် လုပ်ငန်းလမ်းညွှန်နှင့် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ထိုနည်းတူစွာ Third Party စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ရန်လည်း Third Party လမ်းညွှန်တစ်ခု မဖြစ်မနေသတ်မှတ်ထုတ်ပြန်ရန် လိုအပ်ပါတယ်။ အဆောက်အဦများအတွက်ဆိုရင် အခြေခံကျတဲ့ MNBC ကို အချိန်ယူပြီး ဘာသာပြန်ဆိုနေတာ နှစ်နှစ်ပြည့်တော့မှာဖြစ်လို့ အမြန်ဆုံးဖြန့်ဝေပြီးတော့ လုပ်ငန်းတိုင်းကို ထိထိရောက်ရောက် အစအဆုံး စစ်ဆေးနိုင်သော၊ သီးခြားလွတ်လပ်သော၊ တာဝန်ယူမှု၊ တာဝန်ခံမှုပါရှိသော၊ လက်တွေ့ကျသော၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ပြီးပြီလား။ ဒါမှမဟုတ် ရေးဆွဲပြီးလို့ လိုက်နာကျင့်သုံးနေပြီလားဆိုတာ ဆောက်လုပ်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားသော ပြည်သူလူထုမှ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ပါရန်အတွက် ပြည်သူလူထုအား ကိုယ်စားပြု၍ ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်မှ မေးမြန်းထားတဲ့ မြန်မာနိုင်ငံတစ်ဝန်းရှိ လမ်း၊ တံတား၊ အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုအတွက် အရေးပါသောကိစ္စတစ်ရပ်ဖြစ်သည့် Third Party စနစ်အမြန်ဆုံး အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော Myanmar National Building Code(MNBC)အား ဘာသာပြန်ပြီး ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အမြန်ဆုံးဖြန့်ဝေပေးရန်နှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်မှုနှင့် ဆောင်ရွက်ကျင့်သုံးမှုတို့ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ UN-Habitat နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပတ်သက်ဆက်နွယ်လျက်ရှိတဲ့ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ(Myanmar National Building Code-MNBC)ကို ၂၀၁၁ ခုနှစ်က စတင်ပြုစုခဲ့ပြီးတော့ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ Myanmar National Building Code (Provisional) ပြီးစီးခဲ့ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Myanmar National Building Code (မူကြမ်း) စာအုပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ စည်ပင်သာယာရေးကော်မတီ၊ ဗိသုကာနှင့် အင်ဂျင်နီယာဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်အသင်းနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီများတို့သို့ ၂၀၁၅ ခုနှစ်အတွင်းမှာ ဖြန့်ဝေပေးပို့၍ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီးတော့ ပြန်လည်ပေးပို့လာတဲ့ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ ပေးပို့စိစစ်တည်းဖြတ်ခဲ့ပြီးတော့ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ-၂၀၁၆(MNBC)အား ၂၀၁၆ ခုနှစ် မတ်လမှာ အပြီးသတ်ပြုစုခဲ့ပါတယ်။ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ-၂၀၁၆ ကို အတည်ပြုထုတ်ဝေနိုင်ရန်အတွက် မြန်မာဘာသာသို့ ပြန်ဆိုရာမှာ စုစုပေါင်းစာမျက်နှာ ၁၁၄၈ မျက်နှာရှိတဲ့အနက်မှ စာမျက်နှာ ၈၀၀(၇၀ ရာခိုင်နှုန်း)ခန့်ကို မြန်မာဘာသာသို့ ပြန်ဆိုထားပြီးဖြစ်ပါတယ်။ မြန်မာဘာသာသို့ ပြန်ဆိုထားပြီးတဲ့အပိုင်းများကိုလည်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကနေ ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစည်းမျဉ်းများ-၂၀၁၆ ကို ဘာသာပြန်ဆိုခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့၍ အတည်ပြုချက်ရရှိရေးဆောင်ရွက်မှာဖြစ်ပြီးတော့ အတည်ပြုချက်ရရှိပါက စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ရရှိပါက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ (Myanmar National Building Code-MNBC)ကို ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးသွားမှာဖြစ်ပြီးတော့ Third Party စနစ် အကောင်အထည်ဖော်ရန်အတွက် လိုအပ်တဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း အားလုံးရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးမြန်းလိုတာကတော့ Technical Term တွေအများကြီးပါတဲ့ Code တစ်ခုကို ဘာသာပြန်ဆိုတယ်ဆိုတာ

က အင်မတန်ကို အခုဆိုလို့ရှိရင် အခုနကပြောခဲ့သလိုပဲ။ နှစ်နှစ်နီးပါးလည်း ကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘာသာမပြန်ဘဲနဲ့ အင်္ဂလိပ်လိုအတိုင်းရော၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖြန့်ဝေမပေးနိုင်ဘူးလားဆိုတာလေးကို တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီမေးခွန်းကို ကျွန်တော်တို့ကိုယ်တိုင်လည်း အရင်ဆုံးမေးခဲ့ပါသေးတယ်ခင်ဗျား။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒါကြီးကို ဘာသာမပြန်ဘဲနဲ့ ဖြန့်ချင်တာပါ။ ဘာကြောင့်လဲဆိုလို့ရှိရင် ဘာသာပြန်ရတာ တချို့ဟာဆိုရင် တော်တော်ခက်ပါတယ်ခင်ဗျား။ ဥပမာအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် စပရိန်ဆိုလို့ရှိရင် စပရိန်ဆိုတာ လူတိုင်းလည်း သိနေတယ်။ စပရိန်ကို ကျွန်တော်က ဘူးနွယ်လို့ပြန်လိုက်တဲ့အခါကျတော့ ဒီနေရာမှာ ဘူးနွယ်တစ်ခုသည်ဆိုလို့ရှိရင် တော်တော်လေး ပြန်ပြီးရှုပ်သွားပြန်ပါတယ်ခင်ဗျား။ ဒီအတိုင်းပါပဲ။ အင်ဂျင်ဆိုလို့ရှိရင်လည်း အင်ဂျင်ဆိုလူတိုင်းသိနေတဲ့ဟာကို ရေနွေးငွေ့ဖြင့် ဆောင်ရွက်ထားသည့် စက်ယာဉ်ယန္တရားများ တပ်ဆင်ထားသော စသည်ဖြင့်ဆိုတော့ ပိုပြီးခက်ပါတယ်။ ဒါကြောင့်မို့လို့ ဘာမပြန်လိုပါဘူး။ သို့သော်လည်းပဲ အခုဟာက ဘာသာပြန်မှပဲ ရှေ့နေချုပ်ရုံးက အတည်ပြုမှာဖြစ်ပါတယ်။ အတည်ပြုမှပဲ ကျွန်တော်တို့က ဖြန့်လို့ရမယ်ဆိုတဲ့အတွက် ဘာသာပြန်နေခြင်းဖြစ်ပါတယ်။ အဲဒီတော့ အခု နှစ်ခုဖြစ်ပါတယ်ခင်ဗျား။ ဘာသာပြန်ပြီးသွားရင် ကျွန်တော်တို့က မြန်မာလိုရော၊ အင်္ဂလိပ်လိုရော နှစ်မျိုးလုံးဖြန့်မှာဖြစ်ပါတယ်ခင်ဗျား။ အဲဒါလေး တင်ပြချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်မေးတာကတော့ အင်္ဂလိပ်လို ဖြန့်ဝေပေးနိုင်ခြင်းရှိ/မရှိကို မေးတာပါ။ အဲဒါကြောင့် ဝန်ကြီးကတော့ မြန်မာလိုရော၊ အင်္ဂလိပ်လိုရော နှစ်ခုစလုံးဖြန့်ပါမယ်ဆိုတဲ့ သဘောပြောတာလား။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ အင်္ဂလိပ်လိုကတော့ အားလုံးဖြန့်ထားပြီးပါပြီခင်ဗျား။ အဲဒါကို ကျွန်တော်တို့က ရှေ့နေချုပ်ရုံးတင်ပြီး Cabinet မှာ အတည်ပြုဖို့ လိုပါတယ်ခင်ဗျား။ အဲဒီအချိန်မှာတော့ သူက မြန်မာဘာသာပြန်မှပဲ ဒီဟာသည် အတည်ပြုလို့ရမယ်ဖြစ်တဲ့အတွက် အတည်ပြုနေခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**ကျောက်တန်းမြို့နယ်နှင့် ဒလမြို့နယ် ဆက်သွယ်ထားသော တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တောင်ပိုင်းခရိုင်ရဲ့အရှေ့ပိုင်းနဲ့အနောက်ပိုင်းကိုဆက်သွယ်ပေးမယ့် သီလဝါစီးပွားရေးဇုန်နဲ့ ဒလနဲ့ဆက်သွယ်ထားမယ့်တံတားတစ်စင်းဆောက်လုပ်ပေးမယ့်အစီအစဉ်ကို မေးမြန်းသွားမယ့် ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးဖြစ်ပါတယ်ရှင်။ ကျွန်မက ဒီမေးခွန်းကို လမ်းပန်းဆက်သွယ်ရေး

ခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့တောင်ပိုင်းခရိုင်၊ ပြည်သူတွေရဲ့မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် တောင်ပိုင်းခရိုင်ကိုယ်စားလှယ်တွေရဲ့စုပေါင်းဆုံးဖြတ်ချက်နဲ့ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ Power Point အသုံးပြုပြီးတင်ပြခွင့်ပြုပါရှင်။ ကျွန်မတို့ ရန်ကုန်တောင်ပိုင်းခရိုင်ရဲ့အရှေ့ပိုင်းနဲ့အနောက်ပိုင်းကြားမှာ ရန်ကုန်မြစ်ရှိပြီးတော့ အဲဒီမြစ်ကြားထဲမှာ ဆက်သွယ်ဖို့အတွက်ကို ကျွန်မက တံတားတစ်စင်းတည်ဆောက်ပေးဖို့အတွက် တောင်းဆိုမေးမြန်းရ ခြင်းဖြစ်ပါတယ်။ ကျွန်မတို့က ဒီဘက်မှာရှိနေတဲ့မြို့နယ်တွေဟာ ခရီးသွားလုပ်ငန်းအတွက်လည်း အင်မတန်မှဆွဲဆောင်မှုရှိတဲ့ လှပတဲ့ရှုခင်းတွေ၊ ရှေးဟောင်းအမွေအနှစ်တွေနဲ့ရှိနေတာဖြစ်ပါတယ်။ ကျွန်မတို့ဒီတံတားတစ်စင်းသည် ကုန်စည်စီးဆင်းမှုအတွက် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသခံတွေ အတွက် သီလဝါစီးပွားရေးဇုန်ကို အလုပ်ဆင်းလာနိုင်တဲ့ပြည်သူတွေအတွက် လိုအပ်ချက်ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သန်လျင်တံတားဟာ လက်ရှိအသုံးပြုနေတာဖြစ်ပါတယ်။ ပြီးတော့ ဒလနဲ့ရန်ကုန်နဲ့ဆက်သွယ်ထားတဲ့တံတားတစ်စင်းလည်း မကြာခင်ကမှ လွှတ်တော်ကနေပြီးတော့မှ အတည်ပြုပြီးဖြစ်ပါတယ်။ အခုတောင်းဆိုတာကတော့ သီလဝါစီးပွားရေးဇုန်နဲ့ဒလကိုဆက်သွယ်ပေးမယ့် နောက်ထပ်တံတားတစ်စင်းလိုအပ်နေလို့ဖြစ်ပါတယ်ရှင်။ အခုလက်ရှိထိ အသုံးပြုနေတာ ဒီစက်လှေငယ်လေးတွေအသုံးပြုပြီးတော့ ကျောင်းသားတွေ၊ အလုပ်သမားတွေကနေပြီးတော့ ဟိုဘက်ကမြင်နေရတာ ဒလဘက်အခြမ်းပါ။ ဒါကျွန်မက သီလဝါဘက်အခြမ်းကနေပြီးတော့မှ မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒီလိုမျိုး ကျွန်မတို့ခက်ခက်ခဲခဲသွားလာနေကြရပါတယ်။ ဒီနေရာလေးကတော့ တံတားတစ်စင်းဆောက်လိုက်မယ်ဆိုလို့ရှိရင် ကျွန်မတို့အတွက် ကုန်စည်စီးဆင်းမှုတွေမြန်ဆန်လာပြီးတော့မှ ဖွံ့ဖြိုးမှုတွေတိုးတက်လာမယ်ဆိုတဲ့အတွက်ကြောင့်မို့ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မဟာဗျူဟာကျတဲ့ဆက်သွယ်ရေးလမ်းကြောင်းဖြစ်နေတဲ့အချိန်၊ ကုန်စည်စီးဆင်းမှုအထောက်အကူဖြစ်နေချိန်၊ ဒေသခံပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများကို များစွာအထောက်အကူပြုနိုင်ခြင်းအပြင် ခရီးသွားလုပ်ငန်းအတွက်ပါ များစွာအထောက်အကူဖြစ်လာမှာဖြစ်ပါတယ်။ ရန်ကုန်တစ်ဖက်ကမ်းမှာရှိတဲ့တောင်ပိုင်းခရိုင်မြို့နယ်များမှာ ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးလာမယ်ဆိုရင်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လိုအပ်နေတဲ့တံတားတစ်စင်းကိုဆောက်လုပ်ပေးဖို့အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိရင် ဘယ်အချိန်မှာဆောက်ပေးမယ်ဆိုတာနဲ့ အစီအစဉ်မရှိရင် ဘာကြောင့်ဖြစ်တယ်ဆိုတာကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးမှ မေးမြန်းထားတဲ့ ရန်ကုန်တောင်ပိုင်းခရိုင်ရှိမြို့နယ်များ ဘက်ညီစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်တန်းမြို့နယ်နှင့် ဒလမြို့နယ်ဆက်သွယ်ထားသောတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအားဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ပြည်သူများသွားလာရေးလွယ်ကူစေရန်၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုအားလျှော့ချနိုင်ရန်တို့အတွက် ရန်ကုန်အပြင်ပတ်လမ်း(Yangon Outer Ring Road)(YORR) ကို ဂျပန်နိုင်ငံမှ (JICA) Japan International Corporation Agency အကူအညီဖြင့် Pre-Feasibility Study လုပ်ငန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်အပြင်ပတ်လမ်းအတွက် ရေးဆွဲလျက်ရှိတဲ့ Feasibility Study တွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သံလျင်၊ ကျောက်တန်းမြို့နယ်များအတွင်းရှိ သီလဝါစက်မှုဇုန်အနီးမှဖြတ်၍ ဒလမြို့နယ်ဘက်ကမ်းသို့ ဆက်သွယ်နိုင်ရန်အတွက် ဒလ-ကျောက်တန်း Suspension Bridge ကြိုးတံတားတစ်စင်းကို တည်ဆောက်နိုင်ရေး ထည့်သွင်းရေးဆွဲလျက်ရှိပါတယ်။ အဆိုပါတံတားကို တည်ဆောက်ပေးနိုင်မည်ဆိုပါက ရန်ကုန်မြစ်တစ်ဘက်ကမ်းရှိ သံလျင်၊ ကျောက်တန်းဒေသနှင့် အခြားဘက်ကမ်းရှိ ဒလ၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များသို့ ဆက်သွယ်ချိတ်ဆက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် သီလဝါစက်မှုဇုန်နှင့် ဒလမြို့နယ်တို့ကို ဆက်စပ်ပေးနိုင်မှာဖြစ်ပါတယ်။

အဆိုပါတံတားသည် ရန်ကုန်မြစ်အား ဖြတ်သန်းတည်ဆောက်မည့်တံတားဖြစ်ပြီး ရန်ကုန်မြစ်အတွင်းရှိ ပင်လယ်ကူးသင်္ဘောကြီးများ အဓိကထားဖြတ်သန်းသွားလာတဲ့နေရာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွင်ပါဝင်သည့် အတွင်းပတ်လမ်း(Inner Ring Road)နှင့် အပြင်ပတ်လမ်း(Outer Ring Road)လုပ်ငန်းများကို ၂၀၀၈-၂၀၀၉ ကတည်းကပင် Plan ချမှတ်ပြီး ဖြစ်တန်စွမ်းကို လေ့လာနေခဲ့ပါတယ်။ အဆိုပါတံတားကို ဥမင်လိုဏ်ခေါင်းပုံဖြစ်တန်စွမ်းနှင့် တံတားဖြစ်တန်စွမ်းပုံများကို JICA အစီအစဉ်ဖြင့် IHI Company မှ Proposal တင်ပြထားပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တံတားကြီးအား ဥမင်လိုဏ်ခေါင်းပုံဆောက်မယ်ဆိုပါက ရန်ကုန်မြို့ရဲ့အောက်ခံမြေသားအခြေအနေအရ ဥမင်လိုဏ်ခေါင်းဖောက်ရန် မသင့်တော်တဲ့အတွက် တံတားတည်ဆောက်မည်ဆိုလျှင် Suspension Bridge ပုံစံအတိုင်းသာ တည်ဆောက်ရမှာဖြစ်ပါတယ်။ တံတားရဲ့တာဝါတိုင်နှစ်ခုအကျယ်မှာ ခန့်မှန်း ၁၆၀၀ မီတာခန့်ရှိနိုင်ပြီးတော့ တံတားရဲ့စုစုပေါင်းခန့်မှန်းအရှည်မှာ၂၈၀၀ မီတာခန့် ဖြစ်ပါတယ်။ အဆိုပါတံတားတည်ဆောက်ပြီးပါက Yangon Outer Ring Road နှင့်ဆက်စပ်မိပြီး တစ်ဆက်တစ်စပ်တည်းဖြစ်သွားမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီတံတားကြီးတည်ဆောက်မည်ဆိုပါက ကုန်ကျစရိတ်သည် အလွန်များပြားလှတဲ့အတွက် လတ်တလောဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် နောင်တစ်ချိန်မှာ တည်ဆောက်နိုင်ရန်အတွက် Master Plan မှာ ထည့်သွင်းရေးဆွဲထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးတင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် အနိမ့်ဆုံးကြမ်းခင်းဈေးသတ်မှတ်ထားခြင်းအား ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းတွေမှာ အနိမ့်ဆုံးကြမ်းခင်းဈေးကို ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ ကန်ထရိုက်စနစ်နဲ့ လုပ်ငန်းလုပ်ဆောင်ရမယ့် လိုက်နာကျင့်သုံးရမယ့်လုပ်ငန်းလမ်းညွှန်ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဝယ်ယူရေးဆိုင်ရာတင်ဒါမှာ ဝယ်ယူမယ့်ပစ္စည်းအရေအတွက်၊ အရည်အသွေး၊ စံချိန်စံညွှန်းလိုအပ်ချက်နှင့် ပေးသွင်းရမယ့် ကာလများကို ကြိုတင်သတ်မှတ်ပေးရမယ်။ သက်ဆိုင်ရာဒေသရဲ့ဈေးကွက်အတွင်းမှာရှိတဲ့ အနိမ့်ဆုံးကြမ်းခင်းဈေးနှင့် အမြင့်ဆုံးကြမ်းခင်းဈေးကို တင်ဒါခေါ်ယူတဲ့အဖွဲ့အစည်းရဲ့ ကြမ်းခင်းသတ်မှတ်ရေးကော်မတီမှ ကြိုတင်သတ်မှတ်ပေးရမယ်။ ပေးသွင်းရမယ့်ပစ္စည်းများရဲ့ ကြိုတင်သတ်မှတ်ထားရှိသော အရည်အသွေးနှင့်စံချိန်စံညွှန်းများကို ပြည့်မီသောကုမ္ပဏီကသာ တင်ဒါစိစစ်ခွင့်ရှိတယ်ဆိုပြီးတော့မှ ရေးသားထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ညွှန်ကြားချက်ထဲမှာတော့ ဒုတိယအပိုဒ်မှာ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဝယ်ယူရေးဆိုင်ရာ တင်ဒါခေါ်ယူရာမှာ ပေးသွင်းရမယ့် ပစ္စည်းများအား ကြိုတင်သတ်မှတ်ထားရှိသော အရည်အသွေးနှင့် စံချိန်စံညွှန်းလိုအပ်ချက်အတိုင်း နမူနာပစ္စည်းတွေကို စစ်ဆေးပြီး နည်းပညာစံချိန်စံညွှန်းကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ ဈေးအနည်းဆုံးတင်ဒါကိုသာ ရွေးချယ်ရမည်ဆိုပြီးမှ ပြဋ္ဌာန်းထားပါတယ်။ ဝယ်ယူရေးဆိုင်ရာတင်ဒါမှာ အနိမ့်ဆုံးကြမ်းခင်းဈေးရှိစရာမလိုဘဲ အမြင့်ဆုံးကြမ်းခင်းဈေးသာ ရှိတယ်လို့ဖော်ပြပါတယ်။ ဒီညွှန်ကြားချက်က တစ်နိုင်ငံလုံးက ဌာနတိုင်းရဲ့ပစ္စည်းဝယ်ယူရေးအတွက် အကျုံးဝင်သလား။ ဒီညွှန်ကြားချက်ကို အမှန်တကယ်လိုက်နာကြသလား။

ဒါတွေကို ကျွန်တော်တို့စိစစ်ဆောင်ရွက်ဖို့ လိုပါတယ်။ ခုနကညွှန်ကြားချက်မှာပဲ ကျွန်တော်တို့ အပိုဒ် ၄ မှာပါ။ အဲဒီမှာတည်ဆောက်မှုဆိုင်ရာ တင်ဒါမှာ ဆောင်ရွက်မယ့်လုပ်ငန်းပမာဏ၊ လိုအပ်တဲ့ အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ကာလများအား ပြည့်စုံစွာကြိုတင်သတ်မှတ်ပေးရမယ်။ ကျွမ်းကျင်မှုဆိုင်ရာစာအိတ်(Technical Proposal Envelope)များကို လိုအပ်တဲ့အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှုရှိ/မရှိ ရွေးချယ်ပြီးနောက် အရည်အသွေးပြည့်မီတဲ့ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ (Technical)အောင်မြင်တဲ့ကုမ္ပဏီများကိုသာ ဈေးနှုန်းဆက်လက်ဝင်ရောက်ယှဉ်ပြိုင်စေပြီး အဆိုပါ ကုမ္ပဏီများရဲ့ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(Finical Proposal Envelope)ကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီနဲ့ သက်ဆိုင်ရာကော်မတီများရဲ့ ရှေ့မှောက်မှာ ဖွင့်ဖောက်ပြီး ဈေးနှုန်း

မူကြမ်း

အနည်းဆုံးကုမ္ပဏီကို ပထမအဆင့်တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ရမည်လို့ ရေးသားထားပါတယ်။ တည်ဆောက်မှုဆိုင်ရာတင်ဒါများကိုခေါ်ယူရာမှာ Two Envelope စနစ်ဖြင့် ဆောင်ရွက်ပါတယ်။ ကျွမ်းကျင်မှုဆိုင်ရာစာအိတ်(Technical Proposal Envelope)များကို ဦးစွာတင်သွင်းစေရမှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုဆိုင်ရာစာအိတ်တင်သွင်းတဲ့ကုမ္ပဏီများအတွက် လိုအပ်တဲ့အရည်အသွေးနှင့်စံချိန်စံညွှန်းတွေပြည့်မီမှုရှိ/မရှိ စစ်ဆေးပြီး ကျွမ်းကျင်မှုဆိုင်ရာ(Technical)အောင်မြင်တဲ့ကုမ္ပဏီတွေကိုသာ ဈေးနှုန်းအဆိုပြုလွှာစာအိတ်(Financial Proposal Envelope)ကို ဝင်ရောက်ယှဉ်ပြိုင်တင်သွင်းစေရမှာဖြစ်ပါတယ်။ ဈေးနှုန်းအဆိုပြုလွှာစာအိတ်မတင်သွင်းမီ အနိမ့်ဆုံးကြမ်းခင်းဈေးနှင့်အမြင့်ဆုံးကြမ်းခင်းဈေးကို ကြိုတင်ကြေညာရမယ်။ အနိမ့်ဆုံးကြမ်းခင်းဈေးထက်လျော့နည်းသော အမြင့်ဆုံးကြမ်းခင်းဈေးထက်ကျော်လွန်သော တင်သွင်းဈေးနှုန်းများကို ရွေးချယ်မည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားထားရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပထမကျွန်တော်တို့ Material မှာကတော့ အနိမ့်ဆုံးကြမ်းခင်းဈေးကိုမထားတော့ဘူးလို့ ကျွန်တော်တို့သတ်မှတ်လိုက်ပါတယ်။ ဒါကတော့ ကျွန်တော့်အနေနဲ့ကြိုဆိုပါတယ်။ ဒီတည်ဆောက်ရေးလုပ်ငန်းမှာကတော့ အနိမ့်ဆုံး၊ အမြင့်ဆုံးဈေးကို သတ်မှတ်ရမယ်လို့ ပြောပါတယ်။ အနိမ့်ဆုံးကြမ်းခင်းဈေးအတိုင်းလုပ်နိုင်တဲ့ကုမ္ပဏီ တစ်ခုထက်ပိုပါက တင်ဒါအောင်မြင်သည့်ကုမ္ပဏီကို မဲနှိုက်ရွေးချယ်ပေးရမယ်လို့ ပြောပါတယ်။ ဒီနေရာမှာတစ်ခုရှိတာက ကျွန်တော်တို့အနိမ့်ဆုံးနှင့်အမြင့်ဆုံးကြမ်းခင်းဈေးကို ကြိုတင်ကြေညာရမယ်လို့ပါပါတယ်။ လက်တွေ့မှာတော့ အနိမ့်ဆုံးကြမ်းခင်းဈေးကို ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေ တော်တော်များများမှာ ကျွန်တော်လေ့လာသလောက်ကတော့ လျှို့ဝှက်ထားဆဲပါ။

ဒါကြောင့်မို့လည်း လာဘ်ပေးလာဘ်ယူဈေးကွက်တစ်ခု ယနေ့အထိရှိနေတာပါ။ ကျွန်တော်တို့ ဒီအမြင့်ဆုံးဈေးနှင့် အနိမ့်ဆုံးဈေးကို သတ်မှတ်ကြပါတယ်။ အဲဒီလိုသတ်မှတ်တဲ့နေရာမှာ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မယ့်ကန်ထရိုက်ကို ရွေးချယ်ရာမှာ ကျွမ်းကျင်မှုဆိုင်ရာစစ်ဆေးခြင်း (Technical Proposal Envelope)ကို ပထမစစ်ဆေးပြီးအောင်မြင်မှသာ ငွေကြေးဆိုင်ရာစာအိတ်(Financial Proposal Envelope)ကို ဝင်ရောက်ယှဉ်ပြိုင်စေရတာဖြစ်တဲ့အတွက် ရွေးချယ်ခံရတဲ့ကန်ထရိုက်တာသည် လုပ်ငန်းကျွမ်းကျင်မှုရှိပြီးသားဖြစ်တယ်လို့ ယူဆရပါမယ်။ (Technical Proposal Envelope) ပထမအဆင့်ကိုအောင်မြင်ထားတဲ့ ကျွမ်းကျင်တဲ့ကန်ထရိုက်တာက တည်ဆောက်ရေးလုပ်ငန်းရဲ့ အနိမ့်ဆုံးဈေးကို တွက်ချက်နိုင်ပါလိမ့်မယ်။ လွှတ်တော်မှာဘတ်ဂျက်ရေးဆွဲတင်ပြတာက One Line နဲ့ရေးဆွဲတင်ပြတာပါ။ ကိုယ်စားလှယ်တွေစိစစ်တယ်ဆိုတာလည်း Design Estimate ပေါ်မှာ အခြေခံစိစစ်တာမဟုတ်ဘဲ One Line ပေါ်မှာပဲ စိစစ်ကြတာပါ။ ဒီအတွက် Estimate ဖောင်းပွမှုတွေရှိနိုင်ပါတယ်။ တကယ့်လုပ်ငန်းတန်ဖိုးအမှန်ရဖို့ဆိုရင် ဒေသပေါက်ဈေးနှင့် မြေပြင်အခြေအနေကို အသေးစိတ်တွက်ချက်မှုရမှာပါ။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီက အနိမ့်ဆုံးကြမ်းခင်းဈေးကို သတ်မှတ်ပေးစရာမလိုဘဲ ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူရင် ရပါတယ်။ တင်ဒါဆိုတာ ပွင့်လင်းမြင်သာစွာယှဉ်ပြိုင်ပြီး ရွေးချယ်ရတဲ့အလုပ်ဖြစ်လို့ ဈေးနှုန်းသတ်မှတ်လိုက်ရင် ဘက်လိုက်မှုတွေ၊ အဂတိလိုက်စားမှုတွေဖြစ်လာနိုင်ပါတယ်။ ဌာနမှ အရည်အသွေးပိုင်းကိုသာ အဓိကထားပြီး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီကို လုပ်ငန်းစတင်

တာနဲ့ ဘတ်ဂျက်လုပ်ငန်းရဲ့ ၃၀ ရာခိုင်နှုန်းကြို့တင်ခွင့်ပြုပေးခဲ့မယ်ဆိုရင်လည်း လုပ်ငန်းပိုင်းဆိုင်ရာ အရည်အသွေးကို အထောက်အကူရစေမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းမှ မေးမြန်းထားတဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးတင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် အနိမ့်ဆုံးကြမ်းခင်းဈေးသတ်မှတ်ထားခြင်းအား ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၏ မေးခွန်းတွင် ဖော်ပြထားမှုများအရ ပစ္စည်းဝယ်ယူရေးတင်ဒါနှင့် တည်ဆောက်ရေးတင်ဒါဆိုပြီး အပိုင်းနှစ်ပိုင်းပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ပထမပိုင်းဖြစ်တဲ့ ပစ္စည်းဝယ်ယူရေးတင်ဒါခေါ်ယူဆောင်ရွက်ရာတွင် သတ်မှတ်ထားချက်များအရ အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ရန်မလိုအပ်ပါဘူးခင်ဗျား။ ပစ္စည်းဝယ်ယူရေးတင်ဒါအောင်မြင်သူကို ရွေးချယ်ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီတဲ့ တင်ဒါတင်သွင်းသူများအနက်မှ ဈေးအနည်းဆုံးသော တင်ဒါကိုရွေးချယ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်းဖြစ်တဲ့ တည်ဆောက်ရေးဆိုင်ရာတင်ဒါ ခေါ်ယူဆောင်ရွက်တဲ့နေရာမှာ တင်ဒါတင်သွင်းသူများအား(Two Envelope)စနစ်ဖြင့် စိစစ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုဆိုင်ရာစာအိတ်(Technical Proposal Envelope)များကို လိုအပ်သော အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှုရှိ/မရှိ စိစစ်ရွေးချယ်ရမှာဖြစ်ပြီးတော့ ကျွမ်းကျင်မှုဆိုင်ရာ(Technical)အောင်မြင်တဲ့ကုမ္ပဏီများကို ဈေးနှုန်းဆက်လက်ဝင်ရောက်ယှဉ်ပြိုင်စေရမှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုဆိုင်ရာ(Technical)အောင်မြင်တဲ့ကုမ္ပဏီများမှ တင်သွင်းလာတဲ့ ဈေးနှုန်းများအနက် ဈေးနှုန်းအနည်းဆုံးတင်သွင်းတဲ့ကုမ္ပဏီအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီအဖြစ်ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နတ်မောက်မြို့နယ်နှင့် ရမည်းသင်းမြို့တို့အား ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်တင်လင်း(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးအောင်တင်လင်းမှ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့သို့ စံချိန်မီခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်း။

အဆိုပါ စံချိန်မီခရိုင်ချင်းဆက်လမ်းအား မည်သည့်ဘတ်ဂျက်နှစ်တွင် စတင်ဖောက်လုပ်ပေးပါမည်နည်းဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီလိုမေးမြန်းရတဲ့အကြောင်းအရင်းကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်၊ မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့တို့မှာ အရှေ့ဘက်၊ အနောက်ဘက်ကပ်လျက်ရှိပါတယ်။ အဆိုပါ ခရိုင်ချင်းဆက်လမ်းအား ဖောက်လုပ်ပေးမည်ဆိုပါက ရမည်းသင်းမြို့အနောက်ဘက်ရှိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၅၆/၂)ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ မိုင်အားဖြင့် နတ်မောက်မြို့မှ ၂၅ မိုင် ၇ ဖာလုံ ခန့်သာကွာဝေးပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမမှ နတ်မောက်မြို့သို့လာရောက်ပါက အနီးဆုံးနဲ့အတိုဆုံးခရီးလမ်းဖြစ်ကြောင်း တွေ့မြင်ရပါတယ်။ ယခုအချိန်မှာတော့ နတ်မောက်မြို့ကနေပြီးတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကိုသွားမယ်ဆိုရင် ပျော်ဘွယ်မြို့နယ်ရှိ မိုင်တိုင်အမှတ်(၂၆၂)သို့သွားရပါတယ်။ နတ်မောက်မြို့မှ အဆိုပါ ၂၆၂ မိုင်သို့သွားရာတွင် မိုင်အားဖြင့် မိုင် ၅၀ ခန့် ကွာဝေးပါတယ်။ အဲဒီလိုပဲ နတ်မောက်မြို့မှတစ်ဖန် မြို့သစ်မြို့ကိုဖြတ်ပြီးတော့ သွားမယ်ဆိုရင်လည်း မိုင်ဝေးပါတယ်။ အဲဒီတော့ မကွေးခရိုင်နဲ့ ရမည်းသင်းခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပေးမည်ဆိုပါက နတ်မောက်မြို့နယ်ရှိ လဲဘူးကျေးရွာအုပ်စု၊ သပွတ်ပင်ကျေးရွာအထိ ကျောက်ကြမ်းလမ်းလည်းခင်းပြီးဖြစ်ပါတယ်။ အကျိုးဖြစ်ထွန်းမည့်ကျေးရွာများကတော့ သမှုန်းကုန်းကြီးကျေးရွာအုပ်စု၊ ကုလားရှင်းကျေးရွာအုပ်စု၊ ကပေါင်းကုန်းကြီးကျေးရွာအုပ်စု၊ လဲဘူးကျေးရွာ၊ သပွတ်ကျေးရွာ၊ ကျောက်အိုးကျေးရွာနှင့် ဖက်တောကျေးရွာများဖြစ်ပါတယ်။ အဲဒီကျေးရွာတွေကတော့ တစ်ဖက်ပိတ်ကျေးရွာများဖြစ်ခြင်း စီးပွားရေးကလည်းကောင်း၊ ပညာရေးကလည်းကောင်း၊ ကျန်းမာရေးကလည်းကောင်း၊ ဘာသာ သာသနာကိစ္စများဆောင်ရွက်တွင် လွယ်ကူချောမွေ့နိုင်စေရေးအတွက် အကျိုးကျေးဇူးများရရှိနိုင်မှာဖြစ်ပါတယ်။ နတ်မောက်မြို့ကိုဖြတ်၍ ရန်ကုန်-မန္တလေး-စစ်တွေ-တောင်ကြီး-လားရှိုး-လွိုင်ကော်သို့ သွားသည့်ကားလိုင်းမှာလည်း ကားလိုင်း ၃၀ ခန့်ရှိပြီး တစ်နေ့လျှင်အသွားတစ်စီး၊ အပြန်တစ်စီး နှစ်စီးနှုန်းနှင့် နတ်မောက်မြို့ကိုဖြတ်၍ အမြန်လမ်းမကြီးမိုင်တိုင်အမှတ်(၂၆၂)သို့ အသွား/အပြန်သွားလေ့ရှိပြီး တစ်ခြားကိုယ်ပိုင်ယာဉ်ကားလေးများလည်း ဥဒဟိုသွားလာနေကြောင်း သိရှိရပါတယ်။ ကျေးဇူးပြု၍ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပေးရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ ခရိုင်ချင်းဆက်လမ်းဖြစ်ပါတယ်။ ဒီဟာကတော့ လမ်းအူကြောင်းဖြစ်ပါတယ်။ ဒါကတော့ နတ်မောက်မြို့ကနေပြီးတော့သွားမယ်ဆိုရင် ကွာဝေးမယ့်မိုင်အကွာအဝေးဖြစ်ပါတယ်။ ဒါကတော့ ရမည်းသင်းကလာမယ့်လမ်းဖြစ်ပါတယ်ခင်ဗျာ။ ဒီဟာကတော့ ရန်ကုန်-မန္တလေးသွားတဲ့ ကားလမ်းတွေပါခင်ဗျာ။ ဒါကတော့ နတ်မောက်-မြို့သစ်-တောင်တွင်းကြီး သွားလမ်းပါ။ အမြန်လမ်းနဲ့အနီးဆုံးနေရာကို အနီးပတ်ပြထားတဲ့ နတ်မောက်မြို့ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်းမှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့တို့အား ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကိုဆက်သွယ်မည့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကပေါင်းကုန်းကြီး၊ လဲဘူး၊ သပွတ်ပင်၊ ကျောက်အိုး၊ အောင်ချမ်းသာ၊ ဖက်တောရေ၊ မျှော်တောင်၊ မကျီးပင်ကုန်းကျေးရွာတို့မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်သို့ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း၏ စုစုပေါင်းအရှည်မှာ ၂၅ မိုင်ရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း ၁၇ မိုင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရှစ်မိုင်ပါဝင်ပါတယ်။ အဆိုပါလမ်းများအား တစ်ဆက်စပ်တည်းဖောက်လုပ်ပြီးပါက ရန်ကုန်-မန္တလေးအမြန်လမ်း၏ မိုင်တိုင်အမှတ်(၂၅၆/၂)သို့ ဆက်သွယ်သွားရောက်နိုင်မှာဖြစ်ပါတယ်။ လမ်းများ၏ လက်ရှိအခြေအနေမှာ နတ်မောက်-စိုင်ကောင်းလမ်းခွဲမှ ကပေါင်းကုန်းကြီး-လဲဘူးကျေးရွာအထိ ၄ မိုင် ၆ ဖာလုံသည် ကျေးရွာများမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော ကျောက်ကြမ်းလမ်းဖြစ်ပြီး ယာဉ်များသွားလာ၍ ရသော်လည်း ကျန်လမ်းပိုင်းများမှာ လှည်းလမ်းအဆင့်သာရှိပါတယ်။ အဆိုပါခရိုင်ချင်းဆက်လမ်းအား နတ်မောက်-စိုင်ကောင်းလမ်းခွဲမှ ကျောက်အိုးကျေးရွာအထိ ၉ မိုင် ၄ ဖာလုံကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ Phase I စီမံကိန်းအဖြစ် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပြီးတော့ ကျန်ရှိတဲ့ ၁၅ မိုင် ၄ ဖာလုံအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆက်လက်ဖောက်လုပ်သွားမှာဖြစ်ပါတယ်။ လမ်းဖောက်လုပ်ပြီးစီးပါက အကျိုးဖြစ်ထွန်းမည့်ကျေးရွာများမှာ သမှုန်းကုန်းကြီးအုပ်စု၊ ကုလားရှင်းအုပ်စု၊ ကပေါင်းကုန်းကြီးအုပ်စုနှင့် လဲဘူးကျေးရွာ၊ သပွတ်ပင်ကျေးရွာ၊ ကျောက်အိုးကျေးရွာနှင့် ဖက်တောကျေးရွာတို့ဖြစ်ပြီး လူဦးရေ ၁၀၀၀၀ ကျော်ကို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများ အကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို ဆက်သွယ်မည့်ခရိုင်ချင်းဆက်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A)တွင်ပါဝင်ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကပေါင်းကုန်းကြီး၊ လဲဘူး၊ သပွတ်ပင်လမ်းပိုင်း၌ ၁၂ ပေအကျယ် ၆ လက်မထု ကျောက်ရောမြေ ၈ မိုင် ၆ ဖာလုံခင်းရန်အတွက် ရန်ပုံငွေထည့်သွင်းလျာထားထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့လမ်းပိုင်းများအား ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်တင်လင်း(နတ်မောက်မဲဆန္ဒနယ်)**။ ။ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျ။ ကျွန်တော်တောင်းတဲ့ကိစ္စက ခရိုင်းချင်းဆက်လမ်းပါ။ ကျေးရွာချင်းဆက်လမ်းတောင်းတာမဟုတ်ပါဘူးခင်ဗျ။ အဲဒါကြောင်မို့လို့ ခရိုင်ချင်းဆက်လမ်းအနေအထားဖြင့် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတဲ့ကိစ္စလေးကိုပဲ ရှင်းလင်းဖြေကြားစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရွာနာမည်တွေထည့်ဖြေတာက နည်းနည်းလေး အလေးထူးတဲ့ကိစ္စပါ။ ကျွန်တော်တို့လုပ်မှာလည်း ခရိုင်ချင်းဆက်လမ်းပါခင်ဗျ။ ရွာတွေကတော့ တမင်တကာကို အလေးပြုလိုက်တာပါခင်ဗျ။ ဒီရွာတွေကိုပါ အကျိုးပြုတယ်ဆိုတဲ့ အကြောင်း ပြောတာဖြစ်ပါတယ်ခင်ဗျား။

**ထီးလင်းမြို့နယ်အတွင်းရှိ ကျင်း-တပျင်းလမ်း(၁၂)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေပြီးတော့မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဖောက်လုပ်နေတဲ့ ကျင်း-တပြင်းလမ်း ၁၂ မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်လဲ၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်လဲဆိုတာကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တင်ပြတဲ့လမ်းဟာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှစပြီးတော့မှ ဆောင်ရွက်ခဲ့တာဟာ ယနေ့အချိန်အထိ ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူးခင်ဗျား။ အဲဒီ ကျင်း-တပြင်းလမ်းဟာ ထီးလင်း-ပေါက်-ပခုက္ကူလမ်းမကြီးနှင့် မင်းတပ်-ပေါက်-ပခုက္ကူလမ်းမကြီးကို ဆက်သွယ်ထားတဲ့လမ်း ဖြစ်တဲ့အပြင် ကျေးလက်လမ်းဦးစီးဌာနက ဖောက်လုပ်တဲ့ ကျင်း-အထက်ကျော်-ဆွဲလဲလမ်းနဲ့လည်း ဆက်စပ်နေတဲ့လမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆော-ထီးလင်း-ဂန့်ဂေါမြို့နယ်တို့ကို ဆက်သွယ်နေသောလမ်းလည်းဖြစ်ပါတယ်ခင်ဗျား။ ဒါ့အပြင် ပုံတောင်-ပုံညာတောင်ကြားမှာဖြစ်နေတာကြောင့်မို့လို့ ယင်းဒေသမှာ အလွန်အရေးပါသောလမ်းလည်းဖြစ်ပါတယ်။ ယင်းတောင်ကြားမှာ ဒေသခံ ကျေးရွာအုပ်စုပေါင်း ကိုးအုပ်စုရှိပြီးတော့မှ အိမ်ခြေပေါင်း ၁၀၀၀ ကျော်၊ လူဦးရေ ၅၀၀၀ ခန့်တို့ဟာ အထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံရှိတဲ့ ကျင်းကျေးရွာကိုသာ အဓိကမှီခိုနေရတာဖြစ်တဲ့အတွက် မရှိမဖြစ် လိုအပ်တဲ့လမ်းလည်း ဖြစ်ပါတယ်ခင်ဗျား။ ဒါ့အပြင် မြောက်ဘက်မှာရှိတဲ့ ကျေးရွာတွေဖြစ်တဲ့ ဆွဲလွဲ၊ ယုန်ဆင်း၊ မင်းလယ်၊ စို့ပြား အစရှိတဲ့ ကျေးရွာများကလည်း ဒီလမ်းကိုပဲ မှီခိုအားထားနေကြရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးမယ်ဆိုပါက

ဒေသခံပြည်သူများ၊ ကျောင်းသူကျောင်းသားများအတွက်ပါသာမက ထီးလင်းမြို့နယ်၊ ဆောမြို့နယ်၊ ပခုက္ကူမြို့နယ်များသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှာဖြစ်ပါတယ်။ ပြည်သူများရဲ့ ဒေသထွက်ကုန်များ လွယ်ကူစွာတင်ပို့ရောင်းချနိုင်မှာဖြစ်တဲ့အပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစစ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ကျင်း-တပြင်းလမ်း ၁၂ မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် တောင်းခံရင်း မေးမြန်းလိုတာကတော့ ထီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျင်း-တပြင်းလမ်း ၁၂ မိုင်ကို ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်ပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဆိုသည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်လေးဦးမှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်အတွင်းရှိ ကျင်း-တပျင်းလမ်း (၁၂)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ထီးလင်းမြို့နယ်အတွင်းရှိ ကျင်း-တပျင်းလမ်းသည် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ ကျင်းရွာနှင့် ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်းပေါ်ရှိ တပြင်းရွာတို့ကို ဆက်သွယ်ထား သောလမ်းဖြစ်ပြီး ၁၂ မိုင် ၂ ဖာလုံ အရှည်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ လမ်းတစ်လမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ မိုင် (၀/၀)မှ(၀/၄)အထိ ၄ ဖာလုံနှင့် မိုင်(၁၂/၀)မှ (၁၂/၂) အထိ ၂ ဖာလုံ စုစုပေါင်း ၆ ဖာလုံ သည် ၁၂ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး မိုင်(၀/၄)မှ (၁၂/၀) အထိ ၁၁ မိုင် ၄ ဖာလုံသည် ကျောက်လမ်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၂၆၇.၈၅ သန်းဖြင့် ပေ ၈၄၅၀ အား မျက်ကွယ်ကုန်းများဖြတ်ပြီး (၂ လက်မ-၄ လက်မခွဲ)ကျောက် ၄ လက်မထု တစ်လွှာခင်းကြိတ်၍ ကျောက်လမ်းခင်းခြင်း၊ ၁ မိုင် ၄ ဖာလုံအား ၃၄ ပေ အကျယ် တောင်ကမ်းပါးယံလမ်းချဲ့ခြင်းနှင့် Box Culvert (၅)စင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လရန်ပုံငွေတွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၈၈.၅ သန်းဖြင့် မိုင်တိုင်(၇/၆)မှ(၁၀/၇) အတွင်း ပေ ၂၆၄၀ အရှည်အား လမ်းကွေ့ဖြောင့်၍ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားပါတယ်။ မိုင် (၀/၄) မှ(၄/၄) အတွင်း ၄ မိုင်နှင့် မိုင် (၈/၀)မှ(၁၂/၀)အတွင်း ၄ မိုင်တို့အား ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉

ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေ သန်း ၉၆၀ တင်ပြထားပြီးတော့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ်။ ကျန် မိုင်(၄/၄)မှ(၈/၀) အထိ ၃ မိုင် ၄ ဖာလုံကို ၁၂ ပေအကျယ် ကတ္တရာလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံ ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ ဝမ်းနည်းကြောင်းအဆိုတစ်ရပ်ကို သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးက ဥက္ကဋ္ဌထံ စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ ၁၂-၅-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းနှင့် မြို့အတွင်းရှိ နေအိမ်များသို့ KIA,TNLA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ၁၄ ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်လေးဦးကျဆုံးကာ ဒဏ်ရာရသူ ၂၇ ဦးအတွက် စာနာထောက်ထားကြောင်းနှင့် သေဆုံးသူမိသားစုနှင့်အတူ ဝမ်းနည်းပါကြောင်း အဆိုဖြစ်ပါတယ်။ ဝမ်းနည်းကြောင်းအဆိုတင်သွင်းဖို့ ဦးသန်းစိုးကို ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝမ်းနည်းကြောင်းအဆိုကို တင်သွင်းပါမယ်။ ၁၂-၅-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းနှင့် မြို့အတွင်းရှိနေအိမ်များသို့ KIA,TNLA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ၁၄ ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင် လေးဦးကျဆုံးကာ ဒဏ်ရရသူ ၂၇ ဦးအတွက် စာနာထောက်ထားကြောင်းနှင့် သေဆုံးသူမိသားစုနှင့်အတူ ဝမ်းနည်းပါကြောင်း တင်သွင်းရခြင်းဖြစ်ပါတယ်။ ၁၂-၅-၂၀၁၈ ရက်နေ့ နံနက် ၅ နာရီခန့်မှစတင်၍ မူဆယ်မြို့နယ်၊ ပန်ခမ်းတံတားအနီး KIA,TNLA ပူးပေါင်းအဖွဲ့ ၅၀ ဦးခန့်ကလည်းကောင်း၊ မူဆယ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်ခေါင်းဆောင်အဖွဲ့၏ နေအိမ်တစ်ဝိုက်အားအင်းအား ၃၀ ဦးကလည်းကောင်း၊ မန်ဝင်ဂိတ်အား ၁၀ ဦးခန့်ကလည်းကောင်း၊ မူဆယ်မြို့ရှိ ပန်ခမ်းတံတားအနီးရှိ နောင်ရမ်းကျေးရွာရှိ အပြစ်မဲ့ပြည်သူများအားလည်းကောင်း ဝင်ရောက်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပါတယ်။ ထို့အတူ ပူးပေါင်းအဖွဲ့၏ပစ်ခတ်မှုကြောင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ဒုရဲအုပ်တစ်ဦးနှင့် ဌာနေပြည်သူ့စစ်အဖွဲ့ဝင်လေးဦး ကျဆုံးကာ နောင်ရမ်းကျေးရွာမှ အပြစ်မဲ့ပြည်သူ ၁၄ ဦးနှင့် စုစုပေါင်း ၁၉ ဦး သေဆုံးခဲ့ပါတယ်။ ထို့အတူ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် အပြစ်မဲ့တိုင်းရင်းသားများဖြစ်ကြသည့် မူဆယ်မြို့ ရပ်ကွက်နှစ်ခု၊ တိမ်လုံးကျေးရွာ၊ ပန်ခမ်းကျေးရွာ၊ နန်းအုံကျေးရွာ၊ နောင်ရမ်းကျေးရွာများအပါအဝင် စုစုပေါင်း ၂၇ ဦး ဒဏ်ရာရခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူကရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် ကျွန်တော်တို့

အနေဖြင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေကြသူများ၏ အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို ဂရုပြုစာနာ ထောက်ထားသောအားဖြင့် အထက်ပါဝမ်းနည်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဦးသန်းစိုးတင်သွင်းသွားတဲ့ ဝမ်းနည်းကြောင်းအဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၂-၅-၂၀၁၈ ရက်နေ့ နံနက်ပိုင်းမှာ မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်တန်းနှင့် မြို့တွင်းရှိနေအိမ်များကို KIA,TNLA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်သဖြင့် အပြစ်မဲ့ ပြည်သူ ၁၄ ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်လေးဦးကျဆုံးကာ ဒဏ်ရာရသူ ၂၇ ဦးအတွက် စာနာထောက်ထားကြောင်းနှင့် သေဆုံးသူမိသားစုနှင့်အတူ ဝမ်းနည်း ပါကြောင်း သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးတင်သွင်းတဲ့အဆိုကို ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းက ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းများနှင့် မြို့တွင်းရှိ နေအိမ်များသို့ မေလ ၁၂ ရက်နေ့က နံနက်အစောပိုင်းမှာ KIA, TNLA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါလက်နက်ကိုင်ပူးပေါင်းအဖွဲ့ဟာ မေလ ၁၂ ရက်နေ့ နံနက် ၅ နာရီခန့်မှာ စတင် ပြီးတော့ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် နမ့်ခမ်းမြို့မ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ ပူးပေါင်းလုံခြုံ ရေးဆောင်ရွက်လျက်ရှိသည့် မူဆယ်မြို့နယ် ပန်ခမ်းတံတားအား အင်အား ၅၀ ဦးခန့်က အရှေ့တောင် ဘက်မှလည်းကောင်း၊ မူဆယ်မြို့အတွင်းရှိ နမ့်ခမ်းမြို့မှ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ခေါင်းဆောင် ဦးအိုက်စံ၏နေအိမ်တစ်ဝိုက်အား အင်အား ၃၀ ဦးခန့်က အရှေ့တောင်ဘက်မှလည်းကောင်း၊ မူဆယ် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် နမ့်ခမ်းမြို့မှ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ ပူးပေါင်းလုံခြုံရေးဆောင်ရွက် လျက်ရှိသည့် မန်ဝိန်းဂိတ်အား အင်အား ၁၀ ဦးခန့်ကလည်းကောင်း၊ မူဆယ်မြို့ ပန့်ခမ်းတံတားအနီးရှိ နောင်ရမ်းကျေးရွာအားလည်းကောင်း အကြောင်းမဲ့လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်သဖြင့် မြန်မာ့တပ်မတော်ဘက်မှ ပြန်လည်ခုခံတိုက်ခိုက်ရာ နံနက် ၈ နာရီခန့်မှာ တောင်ဘက် သို့ဆုတ်ခွာထွက်ပြေးခဲ့ကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ဒုတိယရဲအုပ်ဇော်ရဲနိုင်၊ နမ့်ခမ်းမြို့မှ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင် လဖီး၊ စိုင်းလောဝ်ခမ်း၊ စိုင်းရုန်းဝင်း၊ စိုင်းကြာရွှေလှိုင်း၊ အပြစ်မဲ့တိုင်းရင်းသားပြည်သူ နောင်ရမ်းကျေးရွာနေ စိုင်းဆိုင်တိုင်း၊ အောင်မျိုးသူ၊ ကျော်ဦး၊ စိုင်းဟန်ခေး၊ စိုင်းထွန်းအေး၊ စိုင်းဝင်းဗိုလ်၊ ဖက်တီး၊ အားကျုံး၊ အိုက်အေး၊

ထွန်းတင်နှင့် စစ်စိမ်းရောင်ဘောင်းဘီဝတ်ထားတဲ့ အမည်မသိအမျိုးသားနှစ်ဦး၊ မဝါဝါဆန်းနှင့် အမည်မသိအမျိုးသမီးတစ်ဦး စုစုပေါင်း ၁၉ ဦး သေဆုံးတယ်လို့သတင်းရရှိပါတယ်။ မနေ့က တက်လာတဲ့သတင်းမှာတော့ နောက်တစ်ဦးထပ်ပြီးတော့ သေဆုံးကြောင်းလည်း သိရှိရပါ တယ်။ ဒဏ်ရာရသူများကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ရဲတပ်ကြပ်ကြီးချမ်းမြေ့၊ ရဲတပ်သား ကျော်စွာမင်း၊ ရဲတပ်သားစိုင်းညီငယ်၊ နမ့်ခမ်းမြို့မှ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင် ဇော်လင်း၊ အောင်သူ၊ ဦးသိန်းဌေးအောင်၊ ပန်ဆေးပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင် ချို့ကျိမ်နိမ့်၊ ဦးအောင်ထွန်း၊ အပြစ်မဲ့ တိုင်းရင်းသားပြည်သူ မူဆယ်မြို့ စွမ်းစော်နှင့် ဆင်ဖြူရပ်ကွက်တို့နေ ဦးစိုးနိုင်၊ ဦးတူးဂျာ၊ ဆိုင်ဝမ်း၊ သက်နိုင်ဦး၊ တိန်းလုံကျေးရွာနေ ဦးဇော်နော်၊ ပန်ခမ်းကျေးရွာနေ ကိုထက်၊ ဦးလှဦး၊ ဦးစိန်ဝင်း၊ နမ့်အွန်ကျေးရွာနေ ဦးဝင်းအောင်၊ နောင်ရမ်းကျေးရွာနေ ဝသဿန်ဦး၊ ဦးဝင်းအောင်ဇော်၊ နမ့်ခမ်းမြို့နေ ဦးယီလှိုင်၊ စိုင်းနွံမောင်၊ ဒေါ်မအမ်၊ ပန်ဆိုင်းမြို့နေ ဒေါ်ဝမ်ခမ်းမူတို့ အပါအဝင် စုစုပေါင်း ၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အပြစ်မဲ့တိုင်းရင်းသားပြည်သူများနှင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေကြသူများရဲ့အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများကို ဂရုပြု၍ စာနာထောက်ထားရန်တာဝန်ရှိပါသဖြင့် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးရဲ့ဝမ်းနည်းကြောင်းအဆိုကို အလေးအနက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသန်းစိုး တင်သွင်းသွားတဲ့ ဝမ်းနည်းကြောင်းအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ဦးသန်းစိုး တင်သွင်းတဲ့ ၁၂-၅-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းနှင့် မြို့အတွင်းရှိ နေအိမ်များသို့ KIA, TNLA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ၁၄ ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်လေးဦးကျဆုံးကာ ဒဏ်ရာရသူ ၂၇ ဦးအတွက် စာနာထောက်ထားကြောင်းနှင့် သေဆုံးသူမိသားစုနှင့်အတူ ဝမ်းနည်းပါကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှတစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်ထွေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ကျွန်တော် ယနေ့ ပြည်သူ့လွှတ်တော်ကို တင်သွင်းမယ့်အဆိုကတော့ ပြည်ထောင်စုလွှတ်တော်ကြီးမှ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတကြီးမှ လက်မှတ်ရေးထိုးထုတ်ပြန် ပြီးတဲ့ မူရင်းဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် လက်တွေ့အကောင်အထည် ဖော်ကျင့်သုံးကြရမယ့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေနဲ့ တစ်ဆင့်ခံဥပဒေဖြစ်တဲ့ နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများကို တိုက်တွန်းကြောင်း အဆိုပဲဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်တင်သွင်းရတဲ့ အကြောင်းအရင်းကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့အချုပ် အခြာအာဏာ(၃)ရပ်မှာ ဥပဒေပြုရေးအာဏာကို ကျွန်တော်တို့လွှတ်တော်များကို အပ်နှင်းထားတာ ဖြစ်ပါတယ်။ လွှတ်တော်များက တိုက်ရိုက်ဥပဒေဖြစ်တဲ့ မူရင်းဥပဒေများကိုရေးဆွဲပြီးတော့ နိုင်ငံတော် သမ္မတကြီးမှ လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက်မှာ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရတာပဲဖြစ်ပါတယ်။ ဒီမူရင်းဥပဒေကို နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ထိရောက်စွာအကျိုးသက်ရောက်မှုရှိစေရန်အတွက် လက်တွေ့ ကျင့်သုံးရတဲ့နေရာမှာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေနဲ့ မည်သို့မည်ပုံ လိုက်နာကျင့်သုံးရမည်ကို တိကျရှင်းလင်းစွာရေးဆွဲထားတဲ့ (၁)တစ်ဆင့်ခံဥပဒေဖြစ်တဲ့ နည်းဥပဒေ များကို အချိန်နှင့်တစ်ပြေးညီရေးဆွဲပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် မူလ ပြဋ္ဌာန်းဥပဒေများကို လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ နည်းဥပဒေများကို အချိန်မီ မရေးဆွဲကြတဲ့အတွက် တချို့ဆို လုံးဝရေးဆွဲခြင်းမရှိသေးတဲ့အတွက် ကျွန်တော်တို့ အားနည်းချက် တွေဟာ တကယ်တမ်း အကောင်အထည်ဖော်တဲ့နေရာမှာ ဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်ရိုက်ဥပဒေဖြစ်တဲ့ မူရင်းဥပဒေအားလုံးကို တစ်ဆင့်ခံဥပဒေများဖြစ်တဲ့ နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ တချို့ တချို့ထက် မူရင်းဥပဒေများ အနေနဲ့ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကျင့်သုံးရုံနဲ့ မူရင်းဥပဒေများဟာ အသက်ဝင်ပြီးတော့ လက်တွေ့နယ်ပယ်မှာ အကောင်းဆုံး အကောင်အထည်ဖော်နိုင်တာကိုလည်း တွေ့နေရတာဖြစ်ပါတယ်။ တချို့သော တိုက်ရိုက်ဥပဒေဖြစ်တဲ့ မူရင်းဥပဒေများအနေနဲ့ကတော့ တစ်ဆင့်ခံဥပဒေဖြစ်တဲ့နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းကျင့်သုံးမှ သာလျှင် မူရင်းဥပဒေများဟာ အသက်ဝင်ပြီးတော့ မူလရေးဆွဲပြဋ္ဌာန်းစဉ်က ရည်ရွယ်ချက်များအတိုင်း အောင်မြင်လာတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြုတဲ့လွှတ်တော်အနေနဲ့ မူရင်းဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းတဲ့ နေရာမှာ တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို ရှေးရှုပြီးတော့ နိုင်ငံတော်မှ ကျင့်သုံးနေတဲ့မူဝါဒကို အခြေပြု ရေးဆွဲခြင်းဖြစ်ပါတယ်။ မူရင်းဥပဒေရဲ့ရည်ရွယ်ချက် အောင်မြင်ဖို့ဆိုတာဟာ တစ်ဆင့်ခံဥပဒေဖြစ်တဲ့ နည်းဥပဒေများကို မလွဲမသွေရေးဆွဲကျင့်သုံးမှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ရေးဆွဲတဲ့နေရာမှာ

လည်းပဲ မူရင်းဥပဒေကို ကျော်လွန်ခြင်း၊ ဆန့်ကျင်ခြင်း၊ ကွဲလွဲခြင်းများမရှိအောင် မူရင်းဥပဒေရေးဆွဲပြီးသည်နှင့်တစ်ပြိုင်တည်း အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ဖို့လည်း လိုပါတယ်။ ဒါမှသာ လက်တွေ့နယ်ပယ်မှာ ကျင့်သုံးတဲ့အခါ အချို့အချို့သော နည်းဥပဒေများဟာ မူရင်းဥပဒေကို အထောက်အကူများစွာပြုနိုင်ပြီးတော့ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အကျိုးသက်ရောက်မှုရှိတာကို ကျွန်တော်တို့ လက်တွေ့နေရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း မူရင်းဥပဒေများ အာဏာသက်ရောက်မှုရှိဖို့၊ နည်းဥပဒေများအပေါ်မှာ များစွာတည်မှီတာဖြစ်တဲ့အတွက် မူရင်းဥပဒေတစ်ရပ်ရဲ့လိုအပ်တဲ့ တစ်ဆင့်ခံနည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲပြဋ္ဌာန်းဖို့များစွာလိုအပ်ပါတယ်။ အချို့နိုင်ငံတွေမှာ မူရင်းဥပဒေရေးဆွဲချိန်ကတည်းက နည်းဥပဒေများကို ရေးဆွဲကြပြီး မူရင်းဥပဒေနှင့်အတူတူ ပြဋ္ဌာန်းချိန်မှာ တစ်ဆက်တည်းဆိုသလို ရှေ့ဆင့်နောက်ဆင့် နည်းဥပဒေများ ထွက်ပေါ်ကျင့်သုံးလာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်လည်းပဲ မူရင်းဥပဒေရဲ့ပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားများမှ ဥပဒေ၏ကောင်းကျိုးတရားများကို ခံစားရကြောင်း တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ ဥပဒေပြုလွှတ်တော်က မူရင်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းကတည်းက ကျင့်သုံးရမယ့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေနဲ့ တစ်ဆင့်ခံဥပဒေများကို ရေးဆွဲဖို့လိုအပ်နေပြီဆိုတာကို အခြေအနေကပေါ်ပေါက်နေတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပထမအကြိမ် လွှတ်တော်သက်တမ်းမှ ယနေ့ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအထိ မူရင်းဥပဒေ ၅၉ ကို လွန်ခဲ့တဲ့သုံးလလောက်အထိက တစ်ဆင့်ခံဥပဒေများဖြစ်တဲ့ နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရခြင်းမရှိသေးဘူးလို့ ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ ထို့အတူ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို မူရင်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခွင့်ပြုထားပါတယ်။ ဒီမူရင်းဥပဒေရဲ့တစ်ဆင့်ခံနည်းဥပဒေများကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ရေးဆွဲပြဋ္ဌာန်းကျင့်သုံးဖို့ အားနည်းတဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်မှာရေးဆွဲထားတဲ့ မူလဥပဒေတွေရဲ့ရည်ရွယ်ချက်တွေဟာ အသက်ဝင်မှုမရှိတာကိုလည်း ကျွန်တော်တို့ထင်ထင်ရှားရှားတွေ့နေရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီး တစ်ဆင့်ခံနည်းဥပဒေများကို ရေးဆွဲကျင့်သုံးရာမှာလည်း မူရင်းဥပဒေတွေဟာ ခေတ်စနစ်နှင့်လိုက်လျောမှုမရှိတဲ့အတွက် ပြင်ဆင်ရမယ်ဆိုရင်လည်း နည်းဥပဒေများကို တစ်ဆက်တည်းပြင်ဆင်ဖို့လည်း များစွာလိုအပ်ပါတယ်။ ကျွန်တော်သာဓကတစ်ခုအနေနဲ့ လွှတ်တော်ကြီးကို တင်ပြလိုပါတယ်။ အဲဒါက ဘာလည်းဆိုတော့ ပြီးခဲ့တဲ့ယခုနှစ် ဇန်နဝါရီလမှာ ရွေးချယ်ခဲ့တဲ့ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနေရာမှာ မူရင်းဥပဒေကိုတော့ ပြင်ဆင်ပြီးတော့ နည်းဥပဒေကို ပြင်ဆင်ခြင်းမပြုတဲ့အတွက် ပြဿနာမျိုးစုံတက်ပြီးတော့ ယနေ့အထိ ရွေးချယ်မှုတွေ မပြီးပြတ်သေးတာကိုလည်း ကျွန်တော်တို့ သွားတွေ့ရတာ ဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်အနေနဲ့ မူရင်းဥပဒေများပြဋ္ဌာန်းပြီး တစ်ဆင့်ခံနည်းဥပဒေများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ဌာနအဖွဲ့အစည်းများအနေနဲ့ အချိန်မီရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် စိစစ်ကြီးကြပ်ပြီးတော့ စိစစ်ကြီးကြပ်မှုများပြုလုပ်ပေးနိုင်ပါလျှင် ပြဋ္ဌာန်းဥပဒေများအတွက်

လိုအပ်ချက်များဟာ များစွာအကောင်အထည်ဖော်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ ထုတ်ပြန်ပြဋ္ဌာန်းပြီးတဲ့ မူရင်းဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမယ့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေနဲ့ တစ်ဆင့်ခံနည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးနိုင်ပါရန် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို ဤလွှတ်တော်ကြီး၌ တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေးတင်သွင်းသွားတဲ့ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဦး(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့ ပြည်ထောင်စုလွှတ်တော်မှာပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်သည့် မူလဥပဒေများကို နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြမည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင့်သုံးနေသော နိုင်ငံတော်၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုပြီးတော့ မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အပြန်အလှန်ထိန်းကျောင်းတည်ဆောက်နေတဲ့အချိန်ပဲ ဖြစ်ပါတယ်။ လွှတ်တော်တွေအနေနဲ့ ဥပဒေရေးအာဏာကို ကျင့်သုံးဖော်ဆောင်ရာမှာ ဒီမိုကရေစီခေတ်စနစ်နှင့် လျော်ညီသော ကျွန်တော်တို့ ဒီကနေ့သွားနေတဲ့ နိုင်ငံရေးမူဝါဒလမ်းကြောင်းနှင့်မကိုက်ညီသော ပြည်သူကိုအကျိုးမပြုသော ဥပဒေများကိုပယ်ဖျက်ခြင်း၊ ပြင်ဆင်ရေးဆွဲဖြည့်စွက်ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုဥပဒေများကို အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲပြဋ္ဌာန်းလျက်ရှိပါတယ်။ ဥပဒေများကိုရေးဆွဲကျင့်သုံးရာမှာ တချို့သောမူလဥပဒေများသည် စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကျင့်သုံးပေမဲ့ မူလဥပဒေအရ အသက်ဝင်ပြီးတော့ အကောင်အထည်ဖော်ကျင့်သုံးနိုင်သော်လည်း တချို့သောဥပဒေများဟာ မူလဥပဒေကိုအခြေပြုတဲ့ နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းမှသာလျှင် မူလဥပဒေကအသက်ဝင်ပြီးတော့ အကောင်အထည်ဖော် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ယနေ့အခါမှာ ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက်ဥပဒေများပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ

အချိန်နှင့်တစ်ပြေးညီ နည်းဥပဒေများရေးဆွဲခြင်းမပြုလုပ်နိုင်သေးတဲ့အတွက် ပြည်သူ့အကျိုးပြုမှု မူလဥပဒေတော်တော်များများဟာ သက်ဝင်လှုပ်ရှားမှုမရှိတာကို တွေ့ရပါတယ်။ ဤကဲ့သို့ရေးဆွဲပြီး မူလဥပဒေများ သက်ဝင်လှုပ်ရှားမှုမရှိသည်နှင့်အမျှ နိုင်ငံတော်ရဲ့မူဝါဒများဟာလည်းပဲ တုံ့ဆိုင်းပြီး နိုင်ငံတော်တိုးတက်မှု၊ ပြည်သူ့အကျိုးပြုမှုတို့ဟာလည်း တုံ့နှေးစေမှာဖြစ်ပါတယ်။ ထို့အတူ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်းတို့ကို ပြဋ္ဌာန်းခွင့်ပြုထားသော ဥပဒေများကိုရေးဆွဲပြဋ္ဌာန်းနိုင်ကြပေမဲ့ ဌာနဆိုင်ရာများမှ နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ပြဋ္ဌာန်းနိုင်ခြင်းမရှိတဲ့အတွက် အလုပ်လုပ်ကိုင်ကြတဲ့အခါမှာ ဥပဒေရဲ့မူလ ရည်ရွယ်ချက်များပျောက်ပြီးတော့ ပြဋ္ဌာန်းဥပဒေများသည် ပြည်သူများအပေါ်မှာ အကျိုးပြုနိုင် သလောက်မပြုတာကိုလည်း တွေ့ရှိရပါတယ်။ ယနေ့အချိန်အထိ ပြည်ထောင်စုလွှတ်တော်မှ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတကြီးမှ လက်မှတ်ရေးထိုးထုတ်ပြန်အတည်ပြုထားသော ဥပဒေများနဲ့ ဥပဒေပေါင်း ၅၀ ကျော်ကို နည်းဥပဒေထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်းကိုလည်း သက်ဆိုင်ရာဌာန များရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ ဥပမာတစ်ခုနဲ့တင်ပြရမယ်ဆိုလို့ရှိရင် လယ်ယာဥပဒေကို ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလဖြစ်တဲ့ ၂၀၁၂ ခုနှစ်မှာပြဋ္ဌာန်းခဲ့ပြီးတော့ ခေတ် စနစ်နဲ့မကိုက်ညီချက်များကို ပြင်ဆင်မှုပြုလုပ်နိုင်ခဲ့သော်လည်း မူလဥပဒေကိုအခြေခံပြီးတော့ ရေးဆွဲထားတဲ့နည်းဥပဒေကို ယနေ့ထိပြင်ဆင်နိုင်ခြင်းမရှိသေးဘူးဆိုတာကို တွေ့ရပါတယ်။ ယနေ့ အချိန်ဟာ နိုင်ငံတော်ရဲ့ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာမြေကိုအခြေခံပြီးတော့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နေသောအချိန်လည်းဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ အများစုဖြစ်တဲ့ တောင်သူလယ်သမားများအခန်းကဏ္ဍမှာ မလိုလားအပ်သောပြဿနာများနှင့် လယ်သမားများဖွံ့ဖြိုး တိုးတက်ရေးကိစ္စများဖော်ဆောင်ရာမှာ အခက်အခဲများစွာကို တွေ့ရှိရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များကိုယ်တိုင် လယ်ယာမြေပြဿနာများ၊ လယ်ယာမြေအငြင်းပွားမှုများကို အနီးကပ်ဖြေရှင်းရာမှာလည်း လက်တွေ့မှာအခက်အခဲများစွာ ရင်ဆိုင်နေရတာကို တွေ့ကြုံနေရပါ တယ်။ ဒါကြောင့် မူလဥပဒေများရေးဆွဲပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများကို စဉ်ဆက် မပြတ်ထွက်ရှိလာမှသာလျှင် မူလဥပဒေသည် ရည်ရွယ်ချက်ထိမိပြီးတော့ နိုင်ငံနှင့်ပြည်သူများရဲ့ အကျိုးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်သည့်မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် အကောင်အထည်ဖော် ကျင့်သုံးကြမည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံ ဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာ ထောက်ခံရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်း သွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ

လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၆-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဦးမြင့်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ၂၅-၇-၂၀၁၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုတင်သွင်းခဲ့လို့ ပြည်သူ့လွှတ်တော်ကနေလက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအဆိုကို မြင်းမူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းက ထောက်ခံဆွေးနွေးခဲ့ပါတယ်။ ကြောင်းကျိုးဖော်ပြချက်နှင့်ရည်ရွယ်ချက်များကို အပြည့်အစုံဖော်ပြပြီးဖြစ်သော်လည်း ရည်ရွယ်ချက်တချို့ကို ပြန်လည်မှတ်မိအောင်တင်ပြလိုပါတယ်။ အဲဒီရည်ရွယ်ချက်တွေထဲမှာ တိုင်းရင်းဆေးကောင်စီဟာ ဒီမိုကရေစီစနစ်နဲ့လျော်ညီတဲ့၊ လွတ်လပ်စွာ ရပ်တည်နိုင်တဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်စေရန်၊ နောက်တစ်ခုက တိုင်းရင်းသားရိုးရာဆေးပညာရပ်

များကို ဖော်ထုတ်အားပေးမြှင့်တင်ဖို့ရယ်၊ အရည်အသွေးပြည့်ဝပြီး ထိရောက်မှုနဲ့လုံခြုံမှုရှိတဲ့ တိုင်းရင်းဆေးပညာရပ်များနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ရယ်၊ တိုင်းရင်းဆေးဆရာများရဲ့ဆေးပညာအရည်အသွေးနဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ရန်၊ နောက်တစ်ချက်က တိုင်းရင်းဆေးပညာရဲ့ သမားစဉ်ကုထုံးစနစ်များ၊ အစွမ်းထက်တိုင်းရင်းဆေးဝါးများကို တိမ်မြုပ်ပျောက်ကွယ်မှုမရှိစေရန်၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နဲ့ ကာကွယ်ထိန်းသိမ်းရန်၊ နောက်တစ်ချက်က တိုင်းရင်းဆေးပညာအရည်အသွေးပြည့်ဝပြီး အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာသုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဆိုတဲ့ စတဲ့ရည်ရွယ်ချက်တွေနဲ့ တင်သွင်းခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းကိုတင်သွင်းစဉ်က တိုင်းရင်းဆေးလောကတစ်ခုလုံးဟာ တကယ်ကိုမိုးမျှော်ကျနေခဲ့တဲ့ကာလဖြစ်ပါတယ်။ အခုအခါမှာတော့ ပြည်ထောင်စုဝန်ကြီးနဲ့ တိုင်းရင်းဆေးလောကသားများရဲ့ ကြိုးစားအားထုတ်မှုကြောင့် အလင်းရောင်အာရုံသမ်းလာခဲ့ပြီးလည်းဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာဟာခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူများကို အရည်အသွေးပြည့်ဝပြီးတော့ ထိရောက်လုံခြုံမှုရှိတဲ့ တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ရာမှာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေတစ်ရပ်ပေါ်ပေါက်ရေးဟာ အသက်တမျှအရေးကြီးလှပါတယ်။ ဒါကြောင့် လွှတ်တော်မှာ ဆက်လက်ပြီးတော့ဆွေးနွေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို လွှတ်တော်သို့တင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၁၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၂၁၃

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး တင်သွင်းသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ဖြစ်သည့် ၂၅-၇-၂၀၁၇ ရက်နေ့ အင်္ဂါနေ့တွင် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းအား ဥပဒေကြမ်းတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦးရဲ့ဖော်ပြတဲ့ရည်ရွယ်ချက်များနှင့် ရေးဆွဲလာသလို ရေးဆွဲထားတဲ့ ရည်ရွယ်ချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားနဲ့ ဖော်ပြထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာပြီးတော့ ရည်ရွယ်ချက်ကို ကျော်သွားမှာဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၀-၈-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်လည်းကောင်း ၉-၁-၂၀၁၈ ရက်နေ့နှင့် ၁၀-၁-၂၀၁၈ ရက်နေ့တို့တွင်လည်းကောင်း၊ ၁၇-၁-၂၀၁၈ ရက်နေ့၊ ၈-၅-၂၀၁၈ ရက်နေ့၊ ၉-၅-၂၀၁၈ ရက်နေ့တို့တွင်လည်းကောင်း ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာအစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ

[မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၂၁၃

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး တင်သွင်းသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ဖြစ်သည့် ၂၅-၇-၂၀၁၇ ရက်နေ့ အင်္ဂါနေ့တွင် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) တိုင်းရင်းဆေးကောင်စီသည် ဒီမိုကရေစီစနစ်နှင့် လျော်ညီသော လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန်၊

(ခ) တိုင်းရင်းဆေးပညာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို ထိရောက်စွာ ဖော်ဆောင်ပေးနိုင်သော အဓိပ္ပာယ်ပြည့်ဝသည့် ဖွင့်ဆို ချက်ဖြစ်စေရန်၊

(ဂ) တိုင်းရင်းသားရိုးရာ ဆေးပညာရပ်များအား ဖော်ထုတ်အားပေးမြှင့်တင်ပေးနိုင်ရန်၊

(ဃ) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊

(င) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ထိန်းသိမ်းနိုင်ရန်၊

(စ) တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာ သင်ယူဆည်းပူးနိုင်စေရန်၊

(ဆ) တိုင်းရင်းဆေးဆရာများ၏ ဆေးပညာ အရည်အသွေးနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်း မြှင့်တင်နိုင်ရန်၊

(ဇ) ပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်၍ ဘေးဥပါဒ် ကင်းသော တိုင်းရင်းဆေးဝါးများ ထွက်ပေါ်လာရေး ဆောင်ရွက်ရန်နှင့် အရည်အသွေး ထိန်းသိမ်းသော ကိစ္စရပ်များ ဆောင်ရွက်ရန်၊

(ဈ) တိုင်းရင်းဆေးပညာနှင့်သက်ဆိုင်သော အယူအဆသဘောတရားများ၊ ကုထုံး နည်းစနစ်များ၊ ဆေးဝါးများစသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စ ရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ည) တိုင်းရင်းဆေးဝါးဥပဒေအရ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ ခွင့်ပြုချက်နှင့် ပတ်သက်၍ ကောင်စီမှ ပါဝင်ကြီးကြပ်ကွပ်ကဲနိုင်စေရန်၊

(ဋ) တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များ၊ အစွမ်းထက် တိုင်းရင်း ဆေးဝါးများကို တိမ်မြုပ်ပျောက်ကွယ်မှု မရှိစေရန်၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်ထိန်းသိမ်းရန်၊

(ဌ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းဆေးပညာရှင်များ စည်းလုံး ညီညွတ်ရေးအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ဦးဆောင်မှု ပေးနိုင်ရန်၊

(ဍ) တိုင်းရင်းဆေးပညာ အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာ လေ့ကျင့် သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာ သုတေသန လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ၁၀-၈-၂၀၁၇ ရက်တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့်လည်းကောင်း၊ ၉-၁-၂၀၁၈ ရက်နှင့် ၁၀-၁-၂၀၁၈ ရက်တို့တွင် လည်းကောင်း၊ ၁၇-၁-၂၀၁၈ ရက်၊ ၈-၅-၂၀၁၈ ရက်နှင့် ၉-၅-၂၀၁၈ ရက်တို့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်း အစည်းအဝေးများကို ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက် များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းတွင် အခန်း(၁၈)ခန်းနှင့် အပိုဒ်ပေါင်း ၇၆ ပိုဒ် ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က) ရှိ ပါဝင်ဆောင်ရွက်နိုင်သော ပညာရပ်ကို ဆိုလိုသည် ဆိုသည့် စကားရပ်ကို ပါဝင်ဆောင်ရွက်နိုင်သည့် ပညာရပ်ကို ဆိုသည်ဟု ပြင်ဆင်ပြီး၊ အပိုဒ် ၂ ရှိ ဆိုလိုသည် ဆိုသည့်စကားရပ်ကို ဆိုသည်ဟု အသီးသီး ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(ခ) နိုင်ငံတကာ တိုင်းရင်းဆေးပညာ ဆိုသည်မှာ ပြည်ပနိုင်ငံအသီးသီး၏ တိုင်းရင်းဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းက အသိအမှတ်ပြုထားသည့် တိုင်းရင်းဆေးပညာရပ်ကို ဆိုသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(င) ကို အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(စ) ကောင်စီဝင် ဆိုသည်မှာ ကောင်စီတွင် ပါဝင်သူတစ်ဦးဦးကို ဆိုသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(ဇ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ် ဆိုသည့် စကားရပ်ကို မှတ်ပုံတင်လက်မှတ် ဟု ပြင်ဆင်ပါသည်။

( ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) ဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့် လိုင်စင်၊ ကန့်သတ် ဆေးကုသခွင့်လိုင်စင် သို့မဟုတ် ယာယီ ကန့်သတ်ဆေးကုသခွင့် လိုင်စင်တို့ကို ဆိုသည်။

( ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ည)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကောင်စီက ထုတ်ပေးသည့် ဆိုသည့်စကားရပ်ကို ဤဥပဒေအရ ထုတ်ပေးသည့်ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဋ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) အထူးဆေးကုသခွင့် လိုင်စင် ဆိုသည်မှာ ပြည်တွင်းတိုင်းရင်း ဆေးတက္ကသိုလ်က အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာတိုင်းရင်းဆေး

ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီနှင့် ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသည်ဟု ကောင်စီက သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်တိုင်းရင်းဆေးဆရာအား ဤဥပဒေအရ ထုတ်ပေးသည့် ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

( ၄ ) အပိုဒ် ၂ အပိုဒ်ခွဲ(၄) ကို အပိုဒ်ခွဲ(၅)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(၅) ကန့်သတ်ဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ကုသသည့်စနစ်များကို ကောင်စီက စာတွေ့၊ လက်တွေ့ စိစစ်၍ ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသတို့အား ကန့်သတ်၍ ဤဥပဒေအရ ထုတ်ပေးထားသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

( ၅ ) အပိုဒ် ၂ အပိုဒ်ခွဲ(၅)ကို အပိုဒ်ခွဲ(၃)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(၃) ယာယီကန့်သတ် ဆေးကုသခွင့် လိုင်စင်ဆိုသည်မှာ ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ တိုင်းရင်းဆေးကောင်စီက ထုတ်ပေးထားသော တိုင်းရင်းဆေးပညာဘွဲ့ရရှိသည့် နိုင်ငံတကာ တိုင်းရင်းဆေးဆရာအား ဤဥပဒေအရ သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးထားသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

( ၃ ) အပိုဒ် ၂ အပိုဒ်ခွဲ(ပ)၊ (ဏ)နှင့် (တ)တို့အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်ပါသည် -

(ပ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဏ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(တ) ဦးစီးဌာန ဆိုသည်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနကို ဆိုသည်။

(ပ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ဂ ) တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပြုရေး၊ တိုင်းရင်းဆေးပညာ သုတေသန လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဏ) အပိုဒ် ၃ အပိုဒ်ခွဲ (င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(င) ပြည်သူများအတွက် အရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်၍ ဘေးဥပါဒ်ကင်းသော တိုင်းရင်းဆေးဝါးများ ထွက်ပေါ်လာရေးအတွက် တိုင်းရင်းဆေးဝါး

ထုတ်လုပ်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးကိစ္စရပ်များကို တိုင်းရင်းဆေးဝါး ဥပဒေနှင့်အညီ အကြံပြုပူးပေါင်းဆောင်ရွက်ရန်၊

(တ) အပိုဒ် ၃ အပိုဒ်ခွဲ(စ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(စ) တိုင်းရင်းဆေးပညာနှင့်သက်ဆိုင်သော အယူအဆ သဘောတရားများ၊ ကုထုံးနည်းစနစ်များ၊ ဆေးဝါးများနှင့်ဆိုင်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကိစ္စရပ်များကို သဘောထားမှတ်ချက်ပေးနိုင်ရန်၊

(ထ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဆ) နှင့်(ည) တို့ကို ပယ်ဖျက်ပါသည်။

(ဒ) အပိုဒ် ၃ အပိုဒ်ခွဲ(ဇ) နှင့်(ဈ) တို့ကို အပိုဒ်ခွဲ(ဆ) နှင့်(ဇ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဆ) တိုင်းရင်းဆေးပညာ၏ သမားစဉ် ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ တိမ်မြုပ်ပျောက်ကွယ်မှုမရှိစေရန်၊ ပိုမိုတိုးတက်ပြန့်ပွားစေရန်နှင့် ကာကွယ်ထိန်းသိမ်းရန်၊

(ဇ) တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးပညာရှင်များ စည်းလုံးညီညွတ်ရေးအတွက် ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်။

(ဓ) အခန်း(၃) အပိုဒ် ၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၅။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်ရှိ၍ တရားစွဲဆိုနိုင်သော၊ တရားစွဲဆိုခြင်းကို ခံနိုင်သော အဖွဲ့အစည်းဖြစ်သည်။

(န) အပိုဒ် ၅ ကို အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၆။ အစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်း အတွင်းဝန် (၃)ဦးနှင့် ဂုဏ်သိက္ခာရှိသော ဝါရင့်တိုင်းရင်းဆေးဆရာ (၄)ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

(ပ) အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) နှင့်(၃) တို့ကို အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) နှင့် (၂)တို့အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲငယ်(၃) ကို ဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော ပုဂ္ဂိုလ် (၂)ဦး ဟု ပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) ကို အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ် တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခ သို့မဟုတ် ဌာနမှူးအဆင့်ထက် မနိမ့်သောပုဂ္ဂိုလ် (၂) ဦး ဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆) နှင့်(၇) တို့ကို အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၆) နှင့် (၇) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၆) မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်(၂)ဦး

(၇) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်တိုင်းရင်းဆေးဆရာများက သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်တင်မြှောက်သော တိုင်းရင်းဆေးဆရာ (၁) ဦးစီ

(ဘ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၉)ကို ပယ်ဖျက်ပါသည်။

( မ) အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၉)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(က)(၉) မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဝင်၊ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသက်တမ်း အနည်းဆုံး (၇) နှစ်ရှိသူ၊ အသက် (၃၅) နှစ်အောက် လူငယ် (၂) ဦး။

(ယ) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၇ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို နာယကအဖွဲ့သည် လိုအပ်ပါက ကောင်စီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

( ရ) အပိုဒ် ၇ ကို အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၈။ နာယကအဖွဲ့သည် ကောင်စီကိုဖွဲ့စည်းရန် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ (၁) ဦးနှင့် ဒုတိယဥက္ကဋ္ဌ (၂) ဦး၊ ကောင်စီဝင် (၈) ဦး၊ အတွင်းရေးမှူး (၁) ဦး၊ တွဲဖက်အတွင်းရေးမှူး(၁)ဦး၊ ဘဏ္ဍာရေးမှူး (၁) ဦး၊ စာရင်းစစ် (၁) ဦးတို့ကို ရွေးချယ်ထားပြီးသော ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရမည်။

(လ) အပိုဒ် ၉ ခေါင်းစဉ်ကို အပိုဒ် ၁၀ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါ သည် -

၁၀။ နာယကအဖွဲ့သည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို အတည်ပြုပေးရမည်-

( ဝ) အပိုဒ် ၉ အပိုဒ်ခွဲငယ်(၁) ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၉ အပိုဒ်ခွဲငယ်(၂) ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ခ) ကောင်စီဒုတိယဥက္ကဋ္ဌ (၂) ဦး ဒုတိယဥက္ကဋ္ဌ

(ဟ) အပိုဒ် ၉ အပိုဒ်ခွဲငယ်(၃)(၄) (၅) နှင့် (၆) တို့ကို အပိုဒ် ၁၀ အပိုဒ်ခွဲ (ဂ) (ဃ) (င) နှင့်(စ) တို့အဖြစ် ပြင်ဆင်ပါသည်။

( ဠ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဆ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(ဆ) ကောင်စီစာရင်းစစ် စာရင်းစစ်

(အ) အပိုဒ် ၁၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ဆိုသည့်စကားရပ်ကို အချိန်ပြည့်တာဝန်ထမ်းဆောင် နိုင်သည့် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ အပိုဒ် ၁၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဆိုသည့်စကားရပ်ရှေ့တွင် ဘဏ္ဍာရေး ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( - ) အခန်း(၄) အပိုဒ် ၁၃ ကို အပိုဒ် ၁၄ အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၁၄ အပိုဒ်ခွဲ(က) နှင့် (ခ) တို့အဖြစ် အောက်ပါ အတိုင်း အသစ်ဖြည့်စွက်ပါသည် -

(က) တိုင်းရင်းဆေးဆရာများ လိုက်နာစောင့်စည်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်း၊

(ခ) တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများနှင့်စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(က) နှင့် (ခ)တို့ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ) နှင့် (ဃ) အဖြစ်အောက်ပါ အတိုင်း ပြင်ဆင်ပါသည် -

(ဂ) ပြည်တွင်းပြည်ပ တိုင်းရင်းဆေးပညာဘွဲ့နှင့် လက်မှတ်များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် ပုဂ္ဂလိက တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ) (ဆ) နှင့် (ဇ) တို့ကို ပယ်ဖျက် ပါသည်။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(င)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) တိုင်းရင်းဆေးဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်

ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်း။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(စ) ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) တိုင်းရင်းဆေးဝါးများ၊ ဆေးဖက်ဝင်အပင်များ၊ ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ အလေးချိန်များ၊ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ပြဋ္ဌာန်းပေးခြင်း၊ အတည်ပြုပေးခြင်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာနနှင့် ဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(က) (၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) နှင့်(၃) တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကောင်စီအတွက်ဆိုသည့်စကားရပ်ကို ပြည်သူလူထုအတွက် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဃ) နှင့် (င) တို့ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ) နိုင်ငံတကာ၏ တိုင်းရင်းဆေးပညာရပ်များကို အသုံးပြုခြင်းနှင့်ပတ်သက်၍ စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(င) ပြည်သူလူထုကျန်းမာရေးအတွက် တိမ်မြုပ်နေသော တိုင်းရင်းသားတို့၏ ရိုးရာဆေးပညာရပ်များကို ဖော်ထုတ်အသုံးပြုစေခြင်း သို့မဟုတ် အသုံးပြု ရန် ငြင်းပယ်ခြင်း၊

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ (စ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(စ) တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျှက်ရှိသည့် တိုင်းရင်းဆေးဆရာ ဖြစ်ထိုက်သူ၏ အရည်အချင်းများ သတ်မှတ်ခြင်း။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ) ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(က) ကို အပိုဒ် ၁၆ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကောင်စီက အသိအမှတ်ပြုထားသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆေးပညာဘွဲ့များ၊ ဒီပလိုမာနှင့် လက်မှတ်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ) နှင့် (ဂ) တို့ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ) နှင့်(ဃ) တို့အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဂ) ရှိထုတ်ပြန်ခြင်း ဆိုသည့်စကားရပ်ကို ထုတ်ပြန်ကြေညာခြင်း ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ) ရှိ ဆေးပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ကို တိုင်းရင်းဆေးပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ဃ) ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(င) နှင့် (စ) တို့ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) တိုင်းရင်းဆေးဝါး၊ တိုင်းရင်းဆေးဘက်ဆိုင်ရာ ကျန်းမာရေးဓာတ်စာ၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ဆေးပစ္စည်းကိရိယာထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း၊ ဆေးပစ္စည်းကိရိယာများသုံးစွဲခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအား ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကောင်စီအစည်းအဝေးများတွင် လိုအပ်ပါက သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ပညာရှင်များကို ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း။

( - ) အပိုဒ် ၁၆ ကို အပိုဒ် ၁၇ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က) ရှိ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း ဆိုသည့်စကားရပ်ကို ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း ဆိုသည့်စကားရပ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ) ရှိ သက်တမ်းတိုးမြှင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုသည့်စကားရပ်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( - ) အခန်း (၆) အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲငယ်ရှိ ရရှိခွင့်ရှိခြင်း ဆိုသည့်စကားရပ်ကို ခံစားခွင့်ရှိခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) ကို အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)အဖြစ် ကောင်စီက သတ်မှတ်သည့်လစာငွေ သို့မဟုတ် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၇) အပိုဒ် ၁၈ အပိုဒ်ခွဲ(စ) ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(စ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပျက်ကွက်သည်ဟု ဆိုသည့်စကားရပ်ကို ပျက်ယွင်းသည်ဟု ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဇ) ကို အပိုဒ် ၁၉ အပိုဒ်ခွဲ (ဇ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ကျန်းမာရေးနှင့် မပြည့်စုံခြင်း ဆိုသည့်စကားရပ်နောက်တွင် သို့မဟုတ် ကွယ်လွန်ခြင်း ဆိုသည့် စကားရပ်ကို ဖြည့်စွက်ပါသည်။

( - ) အခန်း(၈) အပိုဒ် ၂၀ ကို အပိုဒ် ၂၁ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကောင်စီ အစည်းအဝေး ဆိုသည့်စကားရပ်ကို ကောင်စီအစည်းအဝေးများ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၁ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက် များကို မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်းနှင့် နှီးနွယ်အဖွဲ့အစည်းများသို့ အခါအားလျော်စွာထုတ်ပြန်ခြင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေး တင်ပြနိုင်သည်။

( - ) အခန်း ၉ အပိုဒ် ၂၂ ကို အပိုဒ် ၂၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန် များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့နှင့် ဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည် -

(က) ရုံးအဖွဲ့မှူး (၁)ဦး၊

(ခ) စီမံရေးရာနှင့် ငွေစာရင်းဌာန၊ မှတ်ပုံတင်နှင့် လိုင်စင်ရေးရာဌာန၊ နိုင်ငံတကာနှင့် ပြည်သူ့ဆက်ဆံရေးဌာနတို့တွင် ဌာနမှူး (၁)ဦးစီနှင့် စာရေးဝန်ထမ်း(၂) ဦးစီ

(ဂ) အရည်အသွေး ထိန်းသိမ်းစစ်ဆေးခြင်းဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် တိုင်းရင်းဆေးဆရာ အဖွဲ့ခွဲမှူး (၁) ဦးစီနှင့် စာရေးဝန်ထမ်း(၂) ဦးစီ

( - ) အပိုဒ် ၂၃ ကို အပိုဒ် ၂၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ - ၂၂ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၃ ပါ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၀) ရှိ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၆ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက်ပါ သည်။

( - ) အပိုဒ် ၂၆ အပိုဒ်ခွဲ(င)အဖြစ် အခြားရငွေများ ဟု အသစ်ဖြည့်စွက်ပါသည်။

( - ) အပိုဒ် ၂၇ ကို အပိုဒ် ၂၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ရုံးအဆောက်အဦး ဆိုသည့် စကားရပ်ကို ရုံးအဆောက်အဦ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ ကို အပိုဒ် ၃၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန်ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့်ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

( - ) အခန်း(၁၁) အပိုဒ် ၃၀ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ကို အပိုဒ် ၃၁ အပိုဒ်ခွဲ(က) နှင့်(ခ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၁။ မှတ်ပုံတင်လက်မှတ် ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်-

(က) ပြည်တွင်းပြည်ပ တက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် တိုင်းရင်း ဆေးပညာရပ်ဆိုင်ရာ ဘွဲ့ သို့မဟုတ် ဒီပလိုမာ၊ တိုင်းရင်းဆေးသိပ္ပံမှ အပ်နှင်းသည့် တိုင်းရင်းဆေးပညာ ဒီပလိုမာလက်မှတ်၊

(ခ) တိုင်းရင်းဆေးပညာ တစ်နှစ်သင်တန်း အောင်လက်မှတ် ရရှိသူ၊ တိုင်းရင်းဆေးပညာ သုံးဘာသာအောင်လက်မှတ်ရရှိသူ သို့မဟုတ် တိုင်းရင်းဆေးပညာ လေးဘာသာ အောင်လက်မှတ် ရရှိသူ။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ) အဖြစ် အောက်ပါအတိုင်းအသစ် ဖြည့်စွက်ပါသည် -

(ဂ) ပုဒ်မ ၁၅ ပုဒ်မခွဲ(စ) အရ အရည်အချင်းပြည့်မီသူ။

( - ) အပိုဒ် ၃၁ ကို အပိုဒ် ၃၂ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ - ၃၀ အရ ဆိုသည့် စကားရပ်အစား ပုဒ်မ ၃၁ အရ ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၃ အပိုဒ်ခွဲ (က) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၃ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပျက်ကွက်သည် ဟု ဆိုသည့်စကားရပ်ကို ပျက်ယွင်းသည်ဟု ဟု လည်းကောင်း၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃၄ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကျန်းမာကြံ့ခိုင်မှုမရှိခြင်းကြောင့် ဆိုသည့်စကားရပ်ကို ကျန်းမာမှုမရှိခြင်းကြောင့် ဟု လည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၄ အပိုဒ်ခွဲ (ဃ)အဖြစ် ကွယ်လွန်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြခြင်း သို့မဟုတ် စိစစ်တွေ့ရှိခြင်း ဟု အသစ်ဖြည့်စွက်ပါသည်။

( - ) အခန်း (၁၂) အပိုဒ် ၃၅ ကို အပိုဒ် ၃၆ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်းပယ်

နိုင်သည်။ အရည်အချင်း ပြည့်မီပါက မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး ဘွဲ့လွန်ဒီဂရီ ရရှိကြောင်း မှတ်ပုံတင်လက်မှတ်တွင် ရေးသွင်းရမည်။

( - ) အခန်း (၁၃) အပိုဒ် ၃၆ ကို အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၇။ မှတ်ပုံတင် တိုင်းရင်းဆေးဆရာသည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကောင်စီသို့ လျှောက်ထားရမည်။

( - ) အပိုဒ် ၃၇ ကို အပိုဒ် ၃၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၈။ ကောင်စီသည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသော လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

( - ) အပိုဒ် ၃၈ ကို အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၉။ နိုင်ငံခြားသား တိုင်းရင်းဆေးဆရာသည် ယာယီကန့်သတ် ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

( - ) အပိုဒ် ၃၉ ကို အပိုဒ် ၄၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၀။ ကောင်စီ သည် ပုဒ်မ ၃၉ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်၍ အရည်အချင်း ပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ယာယီကန့်သတ်ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးရမည်။

( - ) အပိုဒ် ၄၀ ကို အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ မှတ်ပုံတင် တိုင်းရင်းဆေးဆရာသည် အထူးဆေးကုသခွင့် လိုင်စင်အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံပါက အထူးဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

( - ) အပိုဒ် ၄၁ ကို အပိုဒ် ၄၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၂။ ကောင်စီ သည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက် များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေး ငွေများ ပေးသွင်းစေပြီး အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

( - ) အပိုဒ် ၄၂ ကို အပိုဒ် ၄၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၃။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ဆေးကုသခွင့်လိုင်စင်ရရှိလိုသူ တိုင်းရင်းဆေးဆရာသည် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

( - ) အပိုဒ် ၄၃ ကို အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ ကောင်စီသည် ပုဒ်မ ၄၃ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်း စစ်ဆေးခြင်းပြုလုပ်၍ အရည်အချင်းပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့်ကာလတို့အား ကန့်သတ်လျက် ကန့်သတ်ဆေး ကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

( - ) အပိုဒ် ၄၄ ကို အပိုဒ် ၄၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားရမည် ဆိုသည့်စကားရပ်ကို ကောင်စီသို့ လျှောက်ထားရမည် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၅ ကို အပိုဒ် ၄၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အလုပ်အမှုဆောင် အဖွဲ့သည် ပုဒ်မ - ၄၄ အရ ဆိုသည့်စကားရပ်ကို ကောင်စီသည် ပုဒ်မ ၄၅ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၆ ခေါင်းကို အပိုဒ် ၄၇ ခေါင်းအဖြစ် ပြင်ဆင်ပြီး ယင်းခေါင်းရှိ အလုပ်အမှုဆောင်အဖွဲ့သည် ဆိုသည့်စကားရပ်ကို ကောင်စီသည် ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၆ အပိုဒ်ခွဲ (ခ) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၄၆ အပိုဒ်ခွဲ(င) ကို အပိုဒ် ၄၇ အပိုဒ်ခွဲ(စ) အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ အလုပ်အမှုဆောင်အဖွဲ့က ဆိုသည့်စကားရပ်ကို ကောင်စီ က ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၁၄) အပိုဒ် ၄၉ အပိုဒ်ခွဲ (ဂ) အဖြစ် မှတ်ပုံတင်တိုင်းရင်းဆေးဆရာ တစ်ဦးဦးက မှတ်ပုံတင်သွင်းပြီးနောက် ထပ်မံရရှိသော ဆေးပညာရပ်ဆိုင်ရာ အရည်အချင်း တစ်ရပ်ရပ်ကို မိမိ၏မှတ်ပုံတင်တွင် ဖြည့်သွင်းပေးရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။ ဟုအသစ်ဖြည့်စွက်ပါသည်။

( - ) အပိုဒ် ၄၉ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၅၀ အပိုဒ်ခွဲ (ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပညာသင်ကြားခွင့် ရရှိရေးအတွက် ဆိုသည့်စကားရပ်ကို ပညာသင်ကြားနိုင်ရေး အတွက်ဟု ပြင်ဆင်ပါသသည်။

( - ) အခန်း (၁၅) အပိုဒ် ၅၀ ကို အပိုဒ် ၅၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၁။ ကောင်စီသည် မိမိကိုယ်တိုင်သိရှိ၍ဖြစ်စေ၊ သတင်းပေးတိုင်ကြားသူက တိုင်ကြား၍ဖြစ်စေ မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာ သို့မဟုတ် ဆေးကုသခွင့်

လိုင်စင်ရသူ တစ်ဦးဦးအား စုံစမ်းစစ်ဆေးရန်အကြောင်း ပေါ်ပေါက်လျှင် အလုပ်အမှုဆောင်အဖွဲ့ဝင် (၁) ဦး ၊ ကောင်စီဝင် (၂)ဦးနှင့် သက်ဆိုင်ရာပညာရှင် (၂)ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

( - ) အပိုဒ် ၅၁ ကို အပိုဒ် ၅၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၂။ ပုဒ်မ ၅၁ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့ သည် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက် ၊ သဘောထားမှတ်ချက် တို့နှင့်အတူ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

( - ) အပိုဒ် ၅၂ အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့ကို အပိုဒ် ၅၃ အပိုဒ်ခွဲ (ဂ) နှင့် (ခ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) မှတ်ပုံတင် လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ဆေးကုသခွင့်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

( - ) အခန်း (၁၆) အပိုဒ် ၅၃ ကို အပိုဒ် ၅၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၄။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၅၃ အရ ပြုလုပ်သည့် ဆောင်ရွက်မှု တစ်ခုခုကိုမကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

( - ) အပိုဒ် ၅၄ ကို အပိုဒ် ၅၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၅။ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

( - ) အခန်း (၁၇) အပိုဒ် ၅၅ ကို အပိုဒ် ၅၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကောင်စီ က ဆိုသည့်စကားရပ်ရှေ့တွင် မည်သူမျှဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( - ) အပိုဒ် ၅၆ ကို အပိုဒ် ၅၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၇။ နိုင်ငံခြားသားတစ်ဦးဦးသည် ကောင်စီက သတ်မှတ်ထားသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ မြန်မာ့တိုင်းရင်းဆေးပညာဖြစ်စေ၊ နိုင်ငံတကာ တိုင်းရင်းဆေးပညာဖြစ်စေ အသုံးပြု၍ ဆေးကုသခြင်းမပြုရ။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၇ ခေါင်းစဉ်ကို ပယ်ဖျက်၍ အပိုဒ် ၅၇ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အပိုဒ် ၄၇ အပိုဒ်ခွဲ (ဂ) နှင့် (ဃ) တို့အဖြစ် အောက်ပါအတိုင်း ပြောင်းလဲ ပြင်ဆင်ပါသည်-

မူကြမ်း

(ဂ) လိုင်စင်ပါခွင့်ပြုသည့် ဆေးကုသခြင်းအမျိုးအစားမှအပ အခြားဆေးကုသခြင်း လုပ်ငန်းဆောင်ရွက်ခြင်း။

(ဃ) လိုင်စင်ပါ ကန့်သတ်ချက်များကို ကျူးလွန်ဖောက်ဖျက် ဆောင်ရွက်ခြင်း။

( - ) အပိုဒ် ၅၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၈။ မည်သူမျှ ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လိမ်လည် လှောက်ထား ခြင်းမပြုရ။

( - ) အပိုဒ် ၅၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၉။ မည်သူမျှ ပုဒ်မ ၃၅ အရ ဘွဲ့၊ ဒီဂရီ အသိအမှတ်ပြုရန် လိမ်လည်လှောက်ထား ခြင်းမပြုရ။

( - ) အပိုဒ် ၆၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၀။ ပုဒ်မ ၃၇၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၁နှင့် ပုဒ်မ ၄၃ အရ ဆေးကုသခွင့်လိုင်စင် ရရှိရန် မည်သူမျှ လိမ်လည်လှောက်ထားခြင်း မပြုရ။

( - ) အပိုဒ် ၆၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၁။ ဆေးကုသခွင့်လိုင်စင်မရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၆၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၂။ ဆေးကုသခွင့်လိုင်စင်မရှိသူ မည်သည့်နိုင်ငံခြားသားမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၆၃ နှင့် ၆၆ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆၄ ကို အပိုဒ် ၆၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၃။ မည်သူမဆို ပုဒ်မ ၅၈ သို့မဟုတ် ပုဒ်မ ၅၉ ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်ထိ ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၆၅ ကို အပိုဒ် ၆၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၃။ ဆေးကုသခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၆၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်ထိ ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

( - ) အခန်း (၁၈) အပိုဒ် ၆၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၆၅။ ဆေးကုသခွင့် လိုင်စင်လျှောက်ထားလိုသူများသည် ကောင်စီဖွဲ့စည်းပြီး တစ်နှစ်အတွင်း ဤဥပဒေနှင့်အညီ လျှောက်ထားရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၇၊ ၆၉ နှင့် ၇၄ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆၈ ကို အပိုဒ် ၆၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လူနာအကျိုးအတွက် ၎င်း၏ သဘောတူညီချက်ဖြင့် ဆိုသည့်စကားရပ်ကို လူနာအကျိုးအတွက်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၀ ခေါင်းနှင့် အပိုဒ်ခွဲ (က) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၇၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( - ) အပိုဒ် ၇၃ ကို အပိုဒ် ၇၀ အပိုဒ်ခွဲ (ခ) အဖြစ် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၇-၅-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၅.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Linn | U Naing Htoo Aung




U Kyaw Linn | Daw Yin Min Hlaing




U Kyaw Linn | Daw Aye Mya Mya Myo




U Kyaw Linn | U Naing Naing Win




U Kyaw Linn | U Aung Tin Linn




U Kyaw Linn | U Myat Lay Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်